ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ဝါခေါင်လပြည့်၊ တနင်္လာနေ့၊ (30-8-2004) (၄၃၄၁)

သမဏာနဉ္စ ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာကဏ္ဍတိုးတက်ရေး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း စိုက်ပျိုးပြီးသည့်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လေလွင့်ဆုံးရှုံးမှုမရှိရန် ဂရုပြု သီးနှံအထွက်တိုးရေး နည်းလမ်း(၄)သွယ်ကို ထိထိရောက်ရောက် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဘားလားဒေသ ရေကြီးကွင်း၊ ရေနက်ကွင်းများ၌ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်တို့မှ ဒေသခံတောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ ရေကျနောက်စိုက်လယ်ယာမြေများအား ရေတော်မိုးတော် လယ်ယာမြေများအဖြစ် စံပြဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက် ၉နာရီတွင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်–ပဲခူး ကားလမ်းမကြီးနှင့် အမှတ်(၃) လမ်းမကြီး လမ်းဆုံအနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဘားလား စိုက်ကွင်းသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အပြည့်အဝပြန်စိုက်

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယခုလအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ဘားလားဒေသ၌ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ စိုက်ဧကအပြည့် အဝ ပြန်လည်ရရှိရေးအတွက် တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ် ကျင့်သုံးပြီး လယ်ယာသုံး စက်ကိရိယာများဖြင့် ပြန်လည် တမန်းနှိုး၊ ထွန်ယက်စိုက်ပျိုးနေမှုကို လည်းကောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ရေး အခြေခံလိုအပ်ချက်များ

ပထမအခြေခံလိုအပ်ချက် – နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန်။

ဒုတိယအခြေခံလိုအပ်ချက် – နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားနေရန်။

တတိယအခြေခံလိုအပ်ချက် – ပြည်သူများ အသိဉာဏ်မြင့်မားမှု၊ ဆင်ခြင်တုံတရား ပြည့်ဝမှု အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေး။

ရှင်းလင်းပြသ

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေထွန်းကုမ္ပဏီလီမိတက်က တီထွင်ထုတ်လုပ်ထားသော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုရာ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင် ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၈-၂၀၀၄
(တနင်္လာနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်းများ တည်ဆောက်ဖြည့်ဆည်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးနှင့်စီးပွားရေး ဖြစ်ထွန်းတိုးတက်ရေးတို့ကို ရှေးရှုပြီး ဒေသအလိုက် လိုအပ်ချက်များကိုတည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်ကိုနိုင်ငံတကာအဆင့်မီမြို့ကြီးများ၏ အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိရာတွင် မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ မြို့အင်္ဂါရပ်များနှင့်အညီ အခြေခံအဆောက်အအုံများကို နှစ်စဉ် အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်က မြို့ပြရပ်ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများစွာ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၂၂ ရက်နေ့က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်၊ ရန်ကုန်စက်မှုဇုန်မူလတန်းကြိုကျောင်းနှင့် အမှတ်(၃၈)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ရန်ကုန်စက်မှုဇုန်ရှိအထည်ချုပ်စက်ရုံတို့ကိုသွားရောက်ကြည့်ရှုခဲ့သည်။

ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းနှင့် အမှတ်(၃၈)အခြေခံပညာ မူလတန်းကျောင်းများကိုမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇေကမ္ဘာကုမ္ပဏီက ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် လှပသာယာရေးအတွက် အိမ်ရာစီမံကိန်းများ ဆောင်ရွက်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ လေယာဉ် အတက်အဆင်းလမ်းမြင်ကွင်း စနစ်ကျလှပစေရန် မြို့အင်္ဂါရပ်များနှင့်အညီ မြေကွက်များဖော်ထုတ်၍ ခရေပင်ရိပ်မွန် အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ အိမ်ရာစီမံကိန်းနှင့်ဆက်စပ်လျက်ဈေးဆိုင်ခန်းများနှင့်အတူ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း ခြောက်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်တို့ကိုပါ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုဖွင့်လှစ်ခဲ့သော အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းကို ယခင်က တစ်ထပ်ဆောင် မူလတန်းကျောင်းဟောင်း၏ဘေး မြေကွက်လပ်၌ မူလတန်းလွန်ကျောင်း အဆင့်မြှင့်တင်နိုင်ရန် မျှော်မှန်း၍ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်အစိုးရက အမျိုးသားပညာရည် မြင့်မားရေးအတွက် အခြေခံပညာမူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာသင်ယူနိုင်သည့် တက္ကသိုလ်များ၊ ကောလိပ်များကိုတိုးချဲ့ဖွင့်လှစ်ပေးပြီး ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ လွယ်ကူချောမွေ့စေရန် ဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းသို့သော အချိန်အခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရင်း ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုပါ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်ရာနိုင်ငံတော်အစိုးရက မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲ၍ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ ပညာရေး၊ကျန်းမာရေးကဏ္ဍများ၌ စေတနာရှင် ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

သဃ်န်းကျွန်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို ဩဂုတ် ၂၈ရက်က ပညာနေခြည် ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ထက်က သူငယ်တန်း ထူးချွန်ထက်မြက် ပထမဆုရ မဖူးပွင့်မြိုင်အား ဆုချီးမြှင့်စဉ်။ (၅၀၆)

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်ကော်မတီဝင်များ မော်တော်ယာဉ်စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်သူ၊ တပ်ထိန်းတပ် တပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်နှင့် ဦးမျိုးညွန့်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကိုလှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာ မေတ္တာအခါတော်နေ့

ရန်ကုန် ဩဂုတ် ၂၉

ဗဟန်းမြို့နယ်၊ မင်္ဂလာဗျူဟာ အသင်းချုပ် (၃၉)ကြိမ်မြောက် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ကို ၁၃၆၆ ခုနှစ်(ဝါခေါင်လပြည့်) မေတ္တာအခါတော်နေ့ ဩဂုတ် ၃၀ရက် (တနင်္လာနေ့)တွင် ကျင်းပပူဇော်မည်ဖြစ်ရာ၊ အသင်းသား၊ အသင်းသူများ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်ဟု သိရသည်။

(က-ပ)

ဖွင့်လှစ်ပေး

အင်းစိန်မြို့နယ် အလက(၁၁)၏ ထာဝရအလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲကိုဩဂုတ် ၂၈ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရန်နောင်၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင်တို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်/ပြန်ဆက်)

ရန်ကုန် မိုးရေချိန်

(၂၉-၈-၂၀၀၄)

မင်္ဂလာဒုံ	- ၁ ဒသမ ၁၈ လက်မ
ကမ္ဘာအေး	- ၀ ဒသမ ၅၉ လက်မ
ရန်ကုန်မြို့လယ်	- ၀ ဒသမ ၅၉ လက်မ

မေတ္တာရွှေမိုး သွန်းဖြိုးဖြိုင်ဖြိုင်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံတွင် စည်ပင်ထွန်းလင်း တောက်ပလျက်ရှိနေပါသည်။ သံဃာတော်အရှင်သူမြတ်တို့ ဝါကပ်ကြသော ဝါတွင်းသုံးလတွင် ဝါဆိုလမှ ၁၅ ရက် ပါသည်။ ဝါခေါင်လမှ ရက် ၃၀၊ တော်သလင်းလမှ ရက် ၃၀၊ သီတင်းကျွတ်လမှ ၁၅ ရက် ပါဝင်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က အထွတ်အမြတ်ထားသော ဝါတွင်းသုံးလ အခါသမယတွင် ရဟန်းသာမဏေများသည် ပရိယတ်တရား၊ ပဋိပတ်တရားများကို စွမ်းစွမ်းတမံ ပိုမို ကြိုးစားအားထုတ်ကြပါသည်။

တရားအားထုတ်မှု၊ သင်ကြားပို့ချမှုပြုနေကြသော သံဃာတော်အရှင်သူမြတ်များအား ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ သင်္ကန်း၊ကျောင်း၊ ဆေးနှင့်ပစ္စည်းလေးပါး ဒါယကာခံယူ၍ လှူဒါန်းကြပြီး ဒါနကုသိုလ်၊ သီလ ကုသိုလ်၊ ဘာဝနာကုသိုလ် အစုစု ယူကြသည်။

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်"ဆိုစကားနှင့်အညီ ဝါခေါင်လသည် မိုးဖြိုင်ဖြိုင်ကျသောလဖြစ်သည်။ လယ်ယာလုပ်ငန်းခွင်၌ ကောက်စိုက်ကြပြီဖြစ်သည်။ လယ်မြေအနှံ့တွင် စိမ်းသန့်သော ကောက်ပင်ပျိုများကို စိုစိုလန်းလန်း မြင်တွေ့နိုင်သည်။ မြန်မာ့မြေတွင် မြကမ္ဗလာခင်းလေပြီ။

ထိုလတွင် **"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါ သော်လည်း မိုးမသည်း"** ဟူ၍ ရှိပေသည်။ မိုးပါးရပ်ဝန်းဒေသနေ တောင်သူလယ်သမားတို့အတွက် ရှေးခေတ်မိုးလေဝသခန့်မှန်းချက် ဆောင်ပုဒ်ဖြစ်သည်။

ဝါခေါင်လပြည့်နေ့၌ သဗ္ဗညုဘုရားရှင်သည် မေတ္တာသုတ်ကိုဟောကြားတော်မူလေသည်။ မေတ္တာသုတ်ပါဠိတော်ကို ခုဒ္ဒကပါဌပါဠိတော်နှင့် သုတ္တနိပါတ်ပါဠိတော်များတွင်ဖော်ပြထားပါသည်။ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကြသည်။

ဝါခေါင်လတွင် သတ္တလောက တစ်ခွင်လုံး မိုးဖြိုင်ဖြိုင်ရွာ၍ အေးစိမ့်သောရာသီဖြစ်သည်။ ဤလ၏ လပြည့်နေ့၌ မြတ်ဗုဒ္ဓက မေတ္တာသုတ်တရားတော်ကို သတ္တလောကသို့ ဟောကြားတော်မူသည်။ ရှင်တော်ဗုဒ္ဓသည် သတ္တလောကအား မေတ္တာရေကြည်အမြိုက်ဆေး တိုက်ကျွေးခဲ့သည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အတွက် မေတ္တာရွှေမိုး သွန်းဖြိုးဖြိုင်ဖြိုင် ဖျန်းပက်ခံရသော အချိန်အခါလည်းဖြစ်ပါသည်။

"မေ္တသင်္ဂဏီပါဠိတော်၌ မေတ္တာကို ပြစ်မှားခြင်းသဘော မရှိ။ မေတ္တာစိတ်နှင့်ပြည့်စုံသည်။ စောင့်ရှောက်ခြင်းသဘောရှိသည်။ အကျိုးစီးပွားကို ဆောင်တတ်ခြင်းသဘောရှိသည်။ သနားကြင်နာသော စိတ်ရှိသည်။ အမျက်ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်ဟု ဖွင့်ဆိုထားသည်။"

ဝါခေါင်လသည် သိဟ်ရာသီဖြစ်သည်။ သိဟ်ရာသီသည် ပါဠိသီဟရာသီဖြစ်၍ ကောင်းကင်တွင် ကြယ်အချို့ကို ခြင်္သေ့ရုပ်အသွင်ဖြင့် တွေ့မြင်နိုင်သည်။ သရဝဏ်နက္ခတ် ထွန်းလင်းသည်။ ဝါခေါင်လ၏ ရာသီပန်းအဖြစ် ခတ္တာပန်းများ ပွင့်ကြသည်။

မေတ္တာဘာဝနာ ပွားများသော ပုဂ္ဂိုလ်သည် အင်္ဂုတ္တရနိကာယ် နိပါတ်တော်၏ မေတ္တာသုတ်လာ အောက်ဖော်ပြပါ အကျိုးများကို ခံစားရကြောင်း ဖော်ပြထားပါသည်။

"ချမ်းသာစွာ အိပ်စက်ခြင်း၊ ချမ်းသာစွာနိုးရခြင်း၊ မကောင်းသော အိပ်မက်မမက်ရခြင်း၊ လူတို့ချစ်ခင်ခြင်း၊ နတ်ပြဟ္မာတို့ စောင့်ရှောက်ခြင်း၊ လူမှတစ်ပါးသော သူတို့ချစ်ခင်ခြင်း၊ မီး၊ အဆိပ်၊ ပယောဂနှင့် လက်နက်ကြီးငယ်များ မထိခိုက်ခြင်း၊ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊ မတွေမဝေသေရခြင်း၊ သေလွန်သောအခါ မင်္ဂဖိုလ်မရလျှင် ပြဟ္မာပြည်ရောက်ရခြင်းတို့ဖြစ်သည်။"

ဝါခေါင်လ၏ ရာသီပွဲတော်တစ်ခုဖြစ်သော စာရေးတံအလှူပွဲကား ဘုရားရှင်လက်ထက်တော်ကပင် ပေါ်ထွန်းခဲ့သော အလှူပွဲဖြစ်သည်။

ထိုစာရေးတံမဲပွဲသဘင် စတင်ဖြစ်ပေါ်လာသောအကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေဝတ္ထု၌ အကျယ်တဝင့် ဖွင့်ပြထားသည်။ ရှင်တော်မြတ်ဘုရားက ဤသို့ တရားဓမ္မ ဟောပြတော်မူလေသည်။

(၁) အို ဒါယကာတို့--- အကြင်သူတစ်ယောက်သည် လှူဒါန်းရာ၌ ကိုယ့်ပစ္စည်းကို ကိုယ်သာလှူရန် သင့်ပေသည်။ သူတစ်ပါးကို တိုက်တွန်းခြင်းဖြင့် အကျိုးမရှိဟု ထင်လေ၍ ကိုယ်တိုင်သာလှူသည်။ သူတစ်ပါးအား တိုက်တွန်းခြင်းမပြု။ ထိုသူသည် ဖြစ်လေရာရာဘဝ၌ စည်းစိမ်ဥစ္စာပြည့်စုံ၏။ အခြံအရံကား နည်းပါးတတ်သည်။

(၂) အို ဒါယကာတို့--- အကြင်သူတစ်ယောက်သည် မိမိဥစ္စာကိုကား မလှူ။ သူတစ်ပါးကိုမူ လှူရန် တိုက်တွန်းပေ၏။ ထိုသူသည်လည်း ဖြစ်လေရာရာဘဝ၌ စည်းစိမ်ဥစ္စာ ချို့တဲ့၏။ အခြံအရံမူကား များတတ်သည်။

(၃) အို ဒါယကာတို့-- အကြင်သူသည် ကိုယ်တိုင်လည်း မလှူရကျ်၊ သူတစ်ပါးအားလည်း တိုက်တွန်းဖော်မရ။ ထိုသူသည် ဖြစ်လေရာရာ သံသရာတစ်ခွင် ကျင်လည်ရာ၌ ဥစ္စာလည်း နွမ်းပါး၊ အခြံအရံလည်း ရှားပါးတတ်သည်။

(၄) အို ဒါယကာတို့-- အကြင်သူ တစ်ယောက်သည်ကား ကိုယ်တိုင်လည်း လှူ၏။ သူတစ်ပါးအားလည်း လှူရန်တိုက်တွန်း၏။ ထိုသူသည် ဖြစ်လေရာရာဘဝ ကြီးငယ် အသွယ်သွယ်တို့၌ စည်းစိမ်နှင့်လည်း ပြည့်စုံ၏။ အခြံအရံလည်း များတတ်လေသည်။

ထိုစဉ် မိမိလည်းလှူ၍ လှူရန်လည်း ဆော်ဩသော နိဗ္ဗာန်ဆော် ဒကာများ ပေါ်ပေါက်လာခဲ့သည်။

မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အလှူရှင်ဒါယကာများကမဲနှိုက်ကြသည်။ ကျရာသံဃာ၊ မဲပေါက်သောသံဃာသည် ကိုယ့်သံဃာ၊ကိုယ့်ကိုယ်တော်ဖြစ်၍ ထိုကိုယ်တော်များအား လှူဒါန်းကြရသည်။ ဤသည်ကိုပင် စာရေးတံမဲပွဲဟု ခေါ်ခြင်းဖြစ်သတည်း။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ဘုရားရှင်၏ ခွင့်ပြု ညွှန်ကြားတော်မူချက်အရ သံဃာတော်များက (ရဟန်းတစ်ပါးကို) ဆွမ်းညွှန်းသူ (ဘတ္တုဒ္ဒေသက) အဖြစ် သံဃသမ္မုတိပေးကာ တင်မြှောက်ထားကြရသည်။ တင်မြှောက်ထားခံရသော ရဟန်းသည် ဆန္ဒဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိဟူသော အဂတိလေးပါး မလိုက်စားရခြင်း၊ ညွှန်းပြီး၊ မညွှန်းရသေးတို့ကို သိရှိရခြင်း ဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံရသည်။ ဘုရားရှင်လက်ထက်တော်က ဆွမ်းညွှန်းသူအဖြစ် တင်မြှောက်ခံရသော ပုဂ္ဂိုလ်ကား မလ္လနမင်း၏သား ရှင်ဒဗ္ဗမည်သော ရဟန္တာမထေရ်တည်း။ ရှင်ဒဗ္ဗသည် ရည်ညွှန်းလှူသော စသည့်ဆွမ်းကိစ္စကို အဂတိမလိုက်စားဘဲ ဆောင်ရွက်ရလေသည်။

ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်သည့်အခါ၌ ဤမည်သော ဒကာ၏ စာရေးတံဆွမ်းတည်းဟု ဒကာ၏နာမည်ကို ရေးသားထားသော သစ်သားနှစ်ဖြင့် ပြုလုပ်ထားသော အတံကလေးများကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နီးပြား၊ ထန်းရွက်၊ ပေရွက်တို့ကို ဖြစ်စေ မဲအဖြစ်အသုံးပြုရသည်။ ထိုစာရေးတံမဲလေးများကို ခြင်းတောင်း၌လည်းကောင်း၊ သင်္ကန်းလိပ်၌လည်းကောင်း ထည့်မွှေပြီး ထပ်တလဲလဲထက်အောက်ပြောင်းပြန်လုပ်ကာ အလှည့် အစဉ်ရှိက အလှည့်အစဉ်ရောက်သည့် ရဟန်းမှစ၍ စာရေးတံမဲ နှိုက်ယူစေရသည်။ အလှည့်အစဉ် မရှိက မထေရ်ကြီးမှစ၍ နှိုက်ယူစေရသည်။ စာရေးတံမဲ ကျပြီးသော သံဃာတော်များသည် စာရေးတံမဲကျသည့်အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြွရလေသည်။ ဤသည်ကို စာရေးတံဆွမ်းအလှူပွဲ (သလာကဘတ်) ဟုခေါ်ပါသည်။

ဘုရင်အမျှုပြုသော ရှေးမြန်မာတို့သည် ဝါခေါင်လကား သံဃာတော်များ တစုတရုံးတည်းစုဝေး တည်ရှိနေချိန်ဖြစ်၍ ဆွမ်းကွမ်းကိစ္စ အခက်အခဲ မဖြစ်စေရအောင် ရည်ရွယ်၍ ဤစာရေးတံမဲပွဲကို ဝါခေါင်လတွင် ကျင်းပခဲ့ကြပါသည်။

ပထမတွင် အစဉ်အလာအတိုင်း ဆွမ်းကိုသာ လှူဒါန်းကြသော်လည်း နောက်ပိုင်းတွင် သဒ္ဓါတရားထက်သန်လျှင် ထက်သန်သည့်အတိုင်း လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသတည်း။ ။

မေတ္တာဘာဝနာ ပွားများသော ပုဂ္ဂိုလ်သည် အင်္ဂုတ္တရနိကာယ် နိပါတ်တော်၏ မေတ္တာသုတ်လာ အောက်ဖော်ပြပါ အကျိုးများကို ခံစားရကြောင်း ဖော်ပြထားပါသည်။

"ချမ်းသာစွာ အိပ်စက်ခြင်း၊ ချမ်းသာစွာနိုးရခြင်း၊ မကောင်းသော အိပ်မက်မမက်ရခြင်း၊ လူတို့ချစ်ခင်ခြင်း၊ နတ်ပြဟ္မာတို့စောင့်ရှောက်ခြင်း၊ လူမှတစ်ပါးသောသူတို့ ချစ်ခင်ခြင်း၊ မီး၊ အဆိပ်၊ ပယောဂနှင့် လက်နက်ကြီးငယ်များ မထိခိုက်ခြင်း၊ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊ မတွေမဝေသေရခြင်း၊ သေလွန်သောအခါ မင်္ဂဖိုလ် မရလျှင် ပြဟ္မာပြည်ရောက်ရခြင်းတို့ဖြစ်သည်။"

မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး၏ (၈၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၂၅ရက်က အမှတ် ၁၈၇/၁၈၉ အနော်ရထာလမ်းမတော်မြို့နယ်ရှိ အသင်းရုံး၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးစောဖေညွန့်နှင့် အကျိုးတော်ဆောင်ချုပ် ဦးမြင့်သန်းတို့အား ရွေးချယ်တင်မြှောက်အပြီး ဥက္ကဋ္ဌ ဦးစောဖေညွန့်က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(၅၇)

ပြန်လည်ပေးအပ်

ကွယ်လွန်သူဦးလှမောင်-ဒေါ်ဖွားခင် မိဘနှစ်ပါးအားရည်စူး၍ အမှတ်(၁၄)ဓမ္မေယျာသီရိလမ်း ဒေါပုံမြို့သစ်နေ ကျန်ရစ်သူမိသားစုက ကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိဘီးတပ်ကုလားထိုင်တစ်လုံးနှင့်လမ်းလျှောက်ကိရိယာတစ်ခုကို ဩဂုတ် ၂၆ရက်က အရှေ့ပိုင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်မောင်နှင့်သမားတော်ကြီး ဒေါက်တာဒေါ်သန်းသန်းအေးတို့ထံလှူဒါန်းရာဆေးရုံအုပ်ကြီးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Consumer Behaviour (စီးပွားရေး)
၅း၃၀	၉။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၅၀	၁၇။	မေးမြန်းစုံစမ်း
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မဆုတ်မနစ် (အပိုင်း-၆)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား (ဒုတိယတွဲ) (အပိုင်း-၁၀)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

အီရတ်နှင့်ပတ်သက်၍ တွက်ကိန်းမှားခဲ့ကြောင်း သမ္မတဘုရှ် ဝန်ခံ

နယူးယောက် ဩဂုတ် ၂၈

အီရတ်နိုင်ငံ၏ စစ်ပြီးကာလတွင် ဖြစ်ပေါ်လာမည့် အခြေအနေများနှင့်ပတ်သက်၍ မိမိအနေဖြင့် အတွက်အချက်မှားယွင်းခဲ့ကြောင်း အမေရိကန်သမ္မတ ဘုရှ်က ဩဂုတ် ၂၆ ရက်တွင် ပထမဆုံး အကြိမ်အဖြစ် ဝန်ခံပြောကြားခဲ့သည်။ ထိုသတင်းကို နယူးယောက်တိုင်းမ် သတင်းစာက ရေးသားဖော်ပြလိုက်သည်။

အမေရိကန်သမ္မတနှင့် မိနစ် ၃၀ ကြာ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့ရာတွင် သမ္မတက မိမိ အတွက်အချက် မှားခဲ့ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ငြင်းဆို

အီရတ်နိုင်ငံကို မြန်ဆန်စွာ သိမ်းပိုက်နိုင်ခဲ့ခြင်းကြောင့် ၁၇ လကြာ ဆန့်ကျင်ခုခံမှုများကို မျှော်လင့်မထားဘဲ ကြုံရသည်ဆိုသော ပြောကြားချက်ကိုမူ မဟုတ်မမှန်ကြောင်း သမ္မတက ငြင်းဆိုခဲ့သည်။

မိမိတို့အနေဖြင့် ဗျူဟာများကို ချမှတ်ရာတွင် ပြုလွယ်ပြောင်းလွယ်သော အနေအထားမျိုးဖြင့် ကျင့်သုံးသည်။ နာဂျက်ဖ်ကဲ့သို့သော အခြေအနေကို ရင်ဆိုင်နိုင်ရန် အတိုးအလျှော့ရှိစေရန် ပြင်ဆင်ထားပြီးဖြစ်သည်ဟု သမ္မတက ပြောကြားသည်။

ဖြေကြားခြင်းမရှိ

အီရတ်နိုင်ငံ သိမ်းပိုက်ရေးကိစ္စများတွင် မည်သည့်အမှားအယွင်းများ ရှိခဲ့သည်ဆိုသော အမေးကို သမ္မတက ဖြေကြားခဲ့ခြင်းမရှိပေ။ အမေရိကန် စစ်ဌာနချုပ် ပင်တဂွန်၏ ထုတ်ပြန်ချက်များအရ အီရတ်စစ်မြေပြင်တွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၉၆၉ ဦးသေဆုံးခဲ့ရပြီးဖြစ်ကြောင်း သိရသည်။ ယင်းအနက် ၂၀၀၃ ခုနှစ် ဧပြီ ၃၀ ရက်နောက်ပိုင်းတွင် သေဆုံးခဲ့ရသော တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၈၂၈ ဦးရှိပြီး တပ်ဖွဲ့ဝင် ၆၆၉၀ ဦးတို့မှာ ဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံမေးမြန်းခန်းတွင်အမေရိကန် သမ္မတသည် အီရန်၏ နျူကလီးယားရည်မှန်းချက်များ အကြောင်းကိုလည်း ထည့်သွင်း ပြောကြားသွားသည်။ ထိုကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာ၌မူ မိမိအနေဖြင့် အချိန်သတ်မှတ်၍အလျင်စလို ဆောင်ရွက်မည် မဟုတ်ဟုလည်း ဖြည့်စွက် ပြောကြားသည်။

ဖိအားပေးမည်

ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန် မိမိအနေဖြင့် သံတမန်နည်းလမ်းများကို အသုံးပြုပြီး ဖိအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် ထိုသို့ ဆောင်ရွက်ခြင်းသည် အချိန်အကန့်အသတ်မရှိ စောင့်ဆိုင်းခြင်းမျိုး မဟုတ်ဘဲ အကန့်အသတ်ရှိကြောင်း၊ အတိုင်းအတာ တစ်ခုထက် ကျော်လွန်လာလျှင်လည်း စစ်ရေးနည်းလမ်းအရ အရေးယူနိုင်ဖွယ်ရာ ရှိကြောင်းကို သမ္မတဘုရှ်က ပြောကြားခဲ့ကြောင်း သတင်းစာက ရေးသားဖော်ပြလိုက်သည်။

အင်အင်အေး၊ရိုက်တာ။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ရှီးယိုက်ခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတာနီအား ထောက်ခံသူများကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တူရကီ ဓားစာခံနှစ်ဦး သေဆုံးပြီဖြစ်ကြောင်း ရုပ်/ သံသတင်းထုတ်လွှင့်

ဒူဘိုင်း ဩဂုတ် ၂၈

အီရတ်နိုင်ငံ ဘေဂျီမြို့မြောက်ဘက်တွင် တူရကီလူမျိုး ဓားစာခံနှစ်ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိရကြောင်း၊ ၎င်းတို့သည် သေနတ်ဖြင့် ပစ်ခတ်ကာ သတ်ဖြတ်ခံထားရပုံရကြောင်း အာရပ်ရုပ်မြင်သံကြားဌာနဖြစ်သည့် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် သတင်းထုတ်လွှင့်သည်။

အီရတ်ရဲတပ်ဖွဲ့ဝင်များသည် ဘေဂျီမြို့မြောက်ဘက် လမ်းမကြီးတစ်ခု၏ ဘေးတွင် အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့ကို အနီးရှိ ဆေးရုံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။

-- ပြန်ပေးဆွဲခံရ --

ယခုလအတွင်း အီရတ်နိုင်ငံတွင် တူရကီလူမျိုး လေးဦးထက်မနည်း ပြန်ပေးဆွဲခံခဲ့ရသည်။ ဩဂုတ် ၅ ရက်တွင် နှစ်ဦး၊ ဩဂုတ် ၇ ရက်တွင် တစ်ဦးနှင့် ဩဂုတ် ၁၆ ရက်တွင် တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

တူရကီကုမ္ပဏီနှစ်ခုဖြစ်သော ဆာရာနှင့် အက်စ်လူယာကုမ္ပဏီသည် ၎င်းတို့၏ အလုပ်သမားများ ပြန်ပေးဆွဲခံခဲ့ရပြီးနောက် တူရကီနိုင်ငံမှ ရုပ်သိမ်းထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ကုမ္ပဏီဝန်ထမ်းများ၏ အသက်ဘေးအန္တရာယ်လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေစဉ် တူရကီကုမ္ပဏီအချို့က အီရတ်မှ ရုပ်သိမ်းထွက်ခွာသွားခဲ့ကြသည်။

အီရတ်တွင်ရှိသည့် နိုင်ငံခြားသား အလုပ်သမား အများအပြားမှာ ဧပြီလမှစ၍ ပြန်ပေးဆွဲခံခဲ့ရသည်။ ပြန်ပေးဆွဲခံခဲ့ရသူများအနက် အချို့မှာ ပြန်လည်လွတ်မြောက်လာသော်လည်း အချို့မှာမူ သတ်ဖြတ်ခံခဲ့ရသည်။

အမ်အင်အေး၊ ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ စစ်အခြေစိုက်စခန်းရှေ့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသည့် တောင်ကိုရီးယားနိုင်ငံသားများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်တို့ ဩဂုတ် ၂၈ ရက်က ရန်းရင်းဆန်ခတ်ဖြစ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နာဂျက်ဖ်တွင်ဖြစ်ပွားသည့် သုံးပတ်ကြာ တိုက်ခိုက်မှုများ အဆုံးသတ်
နာဂျက်ဖ် ဝတ်ကျောင်းအတွင်း ဝင်ရောက်လာသည့် အီရတ်တို့ကို ဆာဒါ၏ သစ္စာခံတို့က ကြိုဆို

နာဂျက်ဖ် ဩဂုတ် ၂၈

ဩဂုတ် ၂၇ ရက်တွင် နာဂျက်ဖ်မြို့ရှိ အထွတ်အမြတ်ထားရာ ဝတ်ကျောင်းတော်အတွင်း ဘုရားဖူး အီရတ်လူမျိုး ထောင်ပေါင်းများစွာသည် ကြွေးကြော်သံများ ကြွေးကြော်ကာ ဝင်ရောက်လာကြသည်။ ၎င်းတို့ကို မိုတာဒါဆာဒါ၏ လက်နက်ကိုင်များက ကြိုဆိုခဲ့ကြသည်။ ညတွင်း ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ကာ သဘောတူညီမှုရရှိလာပြီးနောက် သုံးပတ်ကြာ ခုခံတိုက်ခိုက်မှုများမှာ အဆုံးသတ်သွားရတော့သည်။ နာဂျက်ဖ်မြို့မှာလည်း ငြိမ်းချမ်းသွားပြီဖြစ်သည်။

ဆာဒါ၏ အီရတ် ခုခံရေးသမားများက ချီတက်လာသော ဝတ်ပြုသူများကို ကျောင်းတော်အတွင်း ဝင်ခွင့်မပြုမီ ဘုရားဖူးများသည် အီမန်အလီ ဘုရားဝတ်ကျောင်းနံရံကို နမ်းရှုပ်ခဲ့ကြသည်။

ကြိုးကြားကြိုးကြားပစ်ခတ်သံများကို ကြားရသော်လည်း မည်သည့်အတွက်ကြောင့် ပေါ်ပေါက်ရသည်ကို သိရှိရခြင်းမရှိပေ။

ကြိုဆို

အေကေ–၄၇ မောင်းပြန် ချေမှုန်းရေးသေနတ်များ ကိုင်ဆောင်ထားကြသော ဆာဒါ၏သစ္စာခံ လက်နက်ကိုင်ခုခံသူများသည် ဘုရားကျောင်းလာ ပရိသတ်ကြီးကို ပြုံးရွှင်စွာ ကြိုဆိုလက်ခံခဲ့ကြသည်။

ငြိမ်းချမ်းသွားခဲ့

ကြာသပတေးနေ့ နောက်ပိုင်းတွင် ခေါင်းဆောင် စစ္စတာနီ တင်ပြသော ငြိမ်းချမ်းရေးအဆိုပြုချက်များကို ဆာဒါက လက်ခံလိုက်ခြင်းဖြင့် ပြဿနာတက်နေသော နာဂျက်ဖ်မြို့မှာပြန်လည် ငြိမ်းချမ်းသွားခဲ့သည်။ ထိုမြို့၌ ဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူပေါင်း ၇၄ ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည်။

လက်ခံ

သဘောတူညီချက်တွင် ပါရှိသော ဆာဒါ၏တပ်ဖွဲ့ဝင်များ ဝတ်ကျောင်းအတွင်းမှ ထွက်သွားရေးကိစ္စနှင့် အမေရိကန်တပ်များ ဆုတ်ခွာရေးအစီအစဉ်များကို အီရတ် ကြားဖြတ်အစိုးရကလည်း လက်ခံခဲ့သည်ဟု ဆိုသည်။

အယာတိုလာ အလီစစ္စတာနီနှင့် မိုတာဒါဆာဒါတို့၏ လုပ်ဆောင်ချက်များကို မိမိတို့ ထောက်ခံပါသည်။ သို့ရာတွင် အမေရိကန်များ၏ လည်ပင်းကို မိမိတို့ လှီးဖြတ်လိုသည်ဟု အချို့က ရင်တွင်းမှ ဒေါသကို ဖွင့်အန်ခဲ့ကြသည်။

ဝတ်ကျောင်းလာ ပရိသတ် ထောင်ပေါင်း များစွာတို့သည် ကျည်ဆန်ရာများဖြင့် ပွရာကြဲနေသော အဆောက်အအုံများကိုဖြတ်၍ ဝတ်ကျောင်းဆီသို့ ချီတက်လာကြသည်။ လမ်းတွင် နေရာအနှံ့ ပျံ့နှံ့နေသော ကျည်ခွံများကို တွေ့ကြရသည်။ အမေရိကန် ဟမ်းဗီးစစ်ယာဉ်များမှာလည်း မြို့မှ ထွက်ခွာနေကြပြီး အီရတ်ရဲများက လုံခြုံရေးကို တိုး၍ တာဝန်ယူလာကြသည်။

ဆာဒါ၏ ခုခံတိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ဈေးကွက်တွင် တစ်စိတ်တစ်ပိုင်း ရေနံဈေးနှုန်းများ မြင့်တက်ခဲ့ရပြီး အာလာဝီ၏ အီရတ်ကြားဖြတ်အစိုးရကိုလည်း အခက်အခဲတွေ့စေခဲ့သည်ဟု ဆိုသည်။

အမ်အင်အေး၊ရိုက်တာ။

ကန်တပ်ဖွဲ့ကို အကူအညီမပေးရန် တူရကီအား ခုခံတိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ တောင်းဆို

ဒူဘိုင်း ဩဂုတ် ၂၈

တူရကီနိုင်ငံသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့အတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုကို အဆုံးသတ်ခြင်းမရှိပါက မိမိတို့က တိုက်ခိုက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက သောကြာနေ့တွင် အင်တာနက်မှတစ်ဆင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ ခြိမ်းခြောက်လိုက်သည်။

တူရကီအစိုးရအဖွဲ့နှင့် ပြည်သူလူထုကို မိမိတို့ပြောကြားလိုသည်မှာ တူရကီနယ်စပ်ဒေသမှတစ်ဆင့် အီရတ်ရှိ ကျူးကျော်ရေးတပ်ဖွဲ့များထံသို့ စစ်သုံးကိရိယာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုရပ်ဆိုင်းရန် တောင်းဆိုကြောင်း အစ္စလမ္မစ် တော်ဟစ်အုပ်စုဟု လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါကြေညာချက် စစ်မှန်ခြင်းရှိ၊ မရှိ အတည်ပြုရန် ဖြစ်နိုင်ခြင်းမရှိပေ။ ဂျော်ဒန်နိုင်ငံသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ထံသို့ ထောက်ပံ့ရေးပစ္စည်းများကို ကုန်တင်ထရပ်ကားများဖြင့် ပေးပို့နေမှုအဆုံးသတ်ရန်၊ ယင်းသို့ အဆုံးသတ်ခြင်းမရှိပါက ဂျော်ဒန်အစိုးရ တာဝန်ရှိသူများနှင့် ယင်းနိုင်ငံရှိ နိုင်ငံခြားသားများကို သတ်ဖြတ်ပစ်မည်ဟု အစ္စလမ္မစ်တော်ဟစ်အဖွဲ့၏ ဂျော်ဒန်ရုံးခွဲဟု အမည်ပေးထားသော အုပ်စုက ယခုလအစောပိုင်းတွင် တောင်းဆိုခဲ့သည်။

တိုက်ခိုက်ရေးအုပ်စု အများအပြားသည် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ထားသော နိုင်ငံများကို ပစ်မှတ်ထား၍ တိုက်ခိုက်သွားမည်ဟု မကြာသေးမီ သီတင်းပတ်များအတွင်းက အင်တာနက်မှတစ်ဆင့် ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

အမ်အင်အေး၊ ရိုက်တာ။

ကူဝိတ်ကုမ္ပဏီ အီရတ်၌ လုပ်ငန်းမဆောင်ရွက်ဟုဆို

နယူးဒေလီ ဩဂုတ် ၂၈

မိမိတို့ကုမ္ပဏီသည် အီရတ်နိုင်ငံတွင် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်တော့ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့ကုမ္ပဏီမှ ပြန်ပေးဆွဲခံထားရသော အလုပ်သမားများကို ပြန်လည်လွှတ်ပေးရန် ပန်ကြားကြောင်း ကူဝိတ်ကုမ္ပဏီဖြစ်သည့် ကေဂျီအယ်လ်ကုမ္ပဏီက သောကြာနေ့တွင် ပြောကြားသည်။

ဓားစာခံများအဖြစ် အဖမ်းခံထားရသူများ ပြန်လည်လွတ်မြောက်စေလိုပါက ကူဝိတ်ကုမ္ပဏီသည် အီရတ်နိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်မှု အဆုံးသတ်ပေးရမည်ဖြစ်ကြောင်း ဓားစာခံဖမ်းဆီးသူများက ကြာသပတေးနေ့ ညတွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယခုအခါတွင် မိမိတို့၏ ကုမ္ပဏီသည် အီရတ်၌ မတည်ရှိတော့ကြောင်း၊ သို့ဖြစ်၍ လနှင့်ချီ၍ ဖြစ်ပွားလာသော ဓားစာခံဖမ်းဆီးမှု အဆုံးသတ်ရန် မေတ္တာရပ်ခံကြောင်း ကေဂျီအယ်လ်ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ ရာနာဇီးနက်က ပြောကြားသည်။

ကူဝိတ်ကုမ္ပဏီသည် အိန္ဒိယလူမျိုးသုံးဦးကို အလုပ်သမားများအဖြစ် ငှားရမ်းခဲ့သည်။

အမ်အင်အေး၊ ပီတီအိုင်။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

နာဂျက်ဖ် တိုက်ခိုက်မှုများ အဆုံးသတ်ရေး စစ္စတာနီ၏ကြိုးပမ်းမှု ကိုဖီအာနန် ကြိုဆို

ကုလသမဂ္ဂ ဩဂုတ် ၂၈

အီရက်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရက်သတ္တသုံးပတ်ကြာ တိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် အီရက်နိုင်ငံ၏ ရှီးယိုက်ထိပ်တန်းခေါင်းဆောင် အယာတိုလာအယ်လ်စစ္စတာနီ၏ အားထုတ်ကြိုးပမ်းမှုများကို ကုသသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့တွင် ကြိုဆိုလိုက်သည်။

နာဂျက်ဖ်မြို့၏ အခြေအနေကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် စစ္စတာနီ၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုကြောင်းနှင့် နာဂျက်ဖ်မြို့၌ ရန်လိုတိုက်ခိုက်မှုများ အဆုံးသတ်ရန် သဘောတူညီချက် ရရှိခဲ့သည်ဆိုသည့် သတင်းများ ရောက်ရှိလာသည့်အတွက် အားတက်မိကြောင်း အာနန်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အီရက်နိုင်ငံမှ ဘာသာရေးအရ အထွတ် အမြတ်ထားရာ အီမန်အလီဝတ်ကျောင်းတော်အား လေးစားကြရန် ကိုဖီအာနန်က သက်ဆိုင်ရာ အုပ်စုများကို တိုက်တွန်းလိုက်သည်။ ထိုအတောအတွင်း အီရက်နိုင်ငံမှ ကူဖာနှင့် အခြားဒေသများ၌ တိုက်ခိုက်မှုဖြစ်ရပ်များအပေါ် အလွန်အမင်း စိုးရိမ်မိကြောင်း အာနန်က ဖော်ပြသည်။

အရပ်သားများ အပါအဝင် လူများ သေဆုံး၊ ဒဏ်ရာရမှု မြင့်တက်နေမှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် အီရက်နိုင်ငံသားများအား ကူညီရန် အသင့်အနေထားရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားပြီး သဘောကွဲလွဲမှုများအား ငြိမ်းချမ်းသည့် နည်းဖြင့် ဖြေရှင်းရန် အီရက်ပြည်သူများကို တိုက်တွန်းလိုက်သည်။

ဆွေးနွေး

နာဂျက်ဖ်မြို့သို့ ရတ်တရက်ပြန်လည်ရောက်ရှိလာပြီးနောက် နာရီပိုင်းအကြာမှာပင် အယ်လ်စစ္စတာနီသည် မိုတာဒါအယ်လ်ဆာဒါနှင့် တိုက်ရိုက် ဆွေးနွေးရာတွင် ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိခဲ့သည်။ နောက်ပိုင်းတွင် အီရက်အစိုးရကလည်း အချက်သုံးချက်ပါသဘောတူညီချက်ကိုလက်ခံခဲ့သည်။

အဆိုပါအချက်သုံးချက်မှာ နိုင်ငံခြားတပ်ဖွဲ့များအားလုံး နာဂျက်ဖ်မြို့မှ ရုပ်သိမ်းရေး၊ အီရက်အစောင့်တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ကို ကြီးကြပ်ကွပ်ကဲရေးနှင့် အတိဒုက္ခရောက်ရသူများကို အာဏာပိုင်များက နစ်နာကြေးပေးရေးတို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရက်နိုင်ငံ နာဂျက်ဖ်မြို့လယ်ရုံးအဆောက်အအုံတစ်ခုတွင်လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အိန္ဒိယနိုင်ငံ၏ အရေးပါသည့် လုပ်ငန်းများ အမေရိကန်၏ ကန့်သတ်မှုကြောင့် နှောင့်နှေးခဲ့ရ

နယူးဒေလီ ဩဂုတ် ၂၇

အိန္ဒိယနိုင်ငံက ၁၉၉၈ ခုနှစ် အတွင်းတွင် နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ပြီးခဲ့သည့်နောက် အမေရိကန်နှင့် အခြားနိုင်ငံများက အရေးယူကန့်သတ်မှုများ ပြုလုပ်ခဲ့မှုကြောင့် တိဂျားအမည်ရှိ အပေါ့စား တိုက်ခိုက်ရေးလေယာဉ် အပါအဝင် အိန္ဒိယနိုင်ငံ၏ အရေးပါသည့် ကာကွယ်ရေးဌာန စီမံချက်လုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အရေးယူကန့်သတ်မှု အစီအစဉ်သည် ယခုထက်တိုင် အာဏာသက်ရောက်လျက်ရှိနေသည်။

အရေးပါသည့် စီမံကိန်းလုပ်ငန်းများနှင့် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ အစီအစဉ်များ အရေးယူကန့်သတ်မှုကြောင့် နှောင့်နှေးလျက်ရှိနေကြောင်း ကာကွယ်ရေးဝန်ကြီး မူခါဂျီက အောက်လွှတ်တော်အမတ်များ၏ မေးမြန်းချက်အား တုံ့ပြန်ဖြေကြားလိုက်သည်။

အစီအစဉ်များ

နှောင့်နှေးနေသည့် စီမံကိန်း၊ သို့မဟုတ် နှောင့်နှေးနေသည့် အစီအစဉ်များတွင် တိဂျား အပေါ့စားတိုက်လေယာဉ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၊ ကာဗာရီအင်ဂျင်စက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကြည်းတပ်နှင့် ရေတပ်အတွက် အီလက်ထရွန်းနစ် စစ်ဆင်ရေးအစီအစဉ်နှင့် ခေတ်သစ်ခြေလျင်တပ် တိုက်ခိုက်ရေးမော်တော်ယာဉ် အစီအစဉ်များ ပါဝင်သည်။

ချမှတ်ဖော်ဆောင်

ဖော်ပြပါ အရေးယူကန့်သတ်မှုများသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ယနေ့ထက်တိုင် အာဏာသက်ရောက်နေဆဲဖြစ်ကြောင်း၊ ယင်းကိစ္စများအတွက် အိန္ဒိယအစိုးရက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအရ သုတေသနလုပ်ငန်းတစ်ဟုန်ထိုး လုပ်ဆောင်ရေး၊ အမျိုးမျိုးသော ပစ္စည်းအစိတ်အပိုင်းများ ဖွံ့ဖြိုးစေရန်အတွက် အမျိုးသားဆိုင်ရာ ကြိုးပမ်းမှုတစ်ရပ်အဖြစ် ချမှတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မူခါဂျီက ထပ်လောင်းပြောကြားသည်။

ယင်းအခက်အခဲအား ပြည်တွင်းမှ ပင်ကိုယ်စွမ်းရည် ရှိသူများ၏ ပူးပေါင်းဆောင်ရွက်ကာ ရှေ့ဆောင်ရှေ့ရွက် ပြုခြင်းဖြင့် ကျော်လွှားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

နီပေါနိုင်ငံသားများ အီရက်တွင် အဖမ်းခံရ

ခတ္တမန္ဒူ ဩဂုတ် ၂၈

နီပေါနိုင်ငံသား ၁၂ ဦးတို့ အီရက်တွင် ဓားစာခံများအဖြစ် ဖမ်းဆီးခံခဲ့ရသည်။ ထိုအတောအတွင်း အခြား နီပေါနိုင်ငံသား၁၄ ဦးတို့မှာလည်း အီရက်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခဲ့ကြသည့်အတွက် အီရက်တွင် အဖမ်းခံနေကြရကြောင်း နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အီရက်နိုင်ငံ သံရုံးသည် နိုင်ငံခြားရေးကိစ္စများနှင့် ပတ်သက်၍ နီပေါနိုင်ငံဆိုင်ရာကိစ္စများကိုလည်း တာဝန်ယူ ဆောင်ရွက်သည်။ ထိုအီရက်သံရုံးက အီရက်သို့ တရားမဝင် ရောက်လာသော နီပေါနိုင်ငံသား ၁၄ ဦးကို ဖမ်းဆီးထားကြောင်းကို အသိပေး အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ နီပေါနိုင်ငံသည် အဖမ်းခံ နိုင်ငံသားများနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ သိရှိနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိဆဲဖြစ်သည်ဟု ဆိုသည်။

နီပေါနိုင်ငံသည် အဖမ်းခံ နီပေါနိုင်ငံသားများ ပြန်လွှတ်လာရေးကိစ္စကို အီရက်အစိုးရနှင့် ဆက်သွယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း နီပေါနိုင်ငံခြားရေးဌာန အတွင်းဝန် မက်ဟူရာမန်အချာယာက ပြောကြားသည်။

အဖမ်းခံ နီပေါနိုင်ငံသားများသည် အီရက်နိုင်ငံရှိ စစ်ဘက်ဆိုင်ရာကိစ္စများနှင့် ပတ်သက်ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ အီရက်ရှိ ဓားစာခံ ဖမ်းဆီးထားသူများ အနေဖြင့် နီပေါဓားစာခံများကို ပြန်လွှတ်ပေးရန် တိုက်ရိုက်နည်းလမ်းဖြင့်လည်းကောင်း၊ သွယ်ဝိုက်နည်းလမ်းများ အသုံးပြု၍လည်းကောင်း ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် အီရက်ရှိ ဓားစာခံ ဖမ်းဆီးထားသူများထံမှ မည်သည့် အကြောင်းပြန်ကြားချက်မျှ ယခုအချိန်အထိ မရရှိသေးကြောင်း နီပေါနိုင်ငံခြားရေးဌာန အတွင်းဝန်က ဆက်လက်ပြောကြားသည်။

နီပေါနိုင်ငံသား ၁၂ ဦး အီရက်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခံနေရသော သတင်းကို အယ်ဂျာဇီရာသတင်းဌာနမှ ထုတ်လွှင့်ပြသသွားခြင်း ဖြစ်သည်။ နီပေါနိုင်ငံသားများက ယင်းတို့ လွတ်မြောက်ရေးအတွက် နီပေါအစိုးရက ဖြစ်နိုင်သော နည်းလမ်းအားလုံးကို အသုံးပြုပြီး ကြိုးပမ်းပေးပါရန် ပန်ကြားထားကြောင်းလည်း သိရသည်။

ထို့အပြင် နီပေါနိုင်ငံသားများ၏ ဆန္ဒမပါဘဲ အီရက်သို့ အခမ္မသွားရောက်စေရန် လုပ်ဆောင်ခဲ့သော မွန်းလိုက်မင်းပါဝါကုမ္ပဏီကို ပြင်းပြင်းထန်ထန် အရေးယူပေးပါရန် အဖမ်းခံနေရသူများက နီပေါအစိုးရထံ အသနားခံထားကြသည်။ ထိုကုမ္ပဏီမှာ အလုပ်အကိုင် ရှာဖွေရေး ကိုယ်စားလှယ်ကုမ္ပဏီဖြစ်သည်။

ပြီးခဲ့သော သီတင်းပတ်က အီရက်နိုင်ငံတွင် နီပေါနိုင်ငံသား တစ်ဒါဇင်တို့ အဖမ်းခံနေရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ ဓားစာခံ ဖမ်းဆီးသော အဖွဲ့မှာ ဟီးရိုးရစ်မူဂျာဟစ်ဒင်ခေါ် မူဂျာဟစ်သူရဲကောင်းများအဖွဲ့ ဖြစ်သည်။ ထိုအဖွဲ့က အီရက်ရှိ အမေရိကန်စစ်ဘက်ကို နီပေါနိုင်ငံသားများက အကူအညီပေးလျက်ရှိကြောင်း စွပ်စွဲထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမန်ပြည်သူတို့ ပိုမိုဆင်းရဲလာဟုဆို

ဘာလင် ဩဂုတ် ၂၈

ဂျာမနီနိုင်ငံတွင် ဆင်းရဲမွဲတေမှုနှုန်း ပိုမိုမြင့်မားလာနေကြောင်း၊ လာမည့်နှစ်များတွင် ဂျာမန်ပြည်သူလူထု၏ ဥစ္စာဓနခွဲဝေမှုတွင် ပဋိပက္ခဖြစ်မှု ကြီးထွားလာမည်ဖြစ်ကြောင်း ဖရန့်ဖွတ်အယ်လီမေနီဇီတွန်း သတင်းစာက သောကြာနေ့တွင် ရေးသားဖော်ပြသည်။

ဗဟိုအစိုးရ စာရင်းရုံးက ထုတ်ပြန်သော သုတေသနလေ့လာချက်တစ်ရပ်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်ကျော်တွင် ဂျာမန်ပြည်သူ ၁၁ ဒသမ ၁ ရာခိုင်နှုန်းသည် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ပိုမိုဆင်းရဲမွဲတေမှု ရှိလာကြောင်း၊ ၂၀၀၂ ခုနှစ်တွင် ပြည်သူလူထုရရှိသော ပျမ်းမျှဝင်ငွေသည် ၂၀၀၁ ခုနှစ်က ရရှိသည့် ဝင်ငွေ၏ ထက်ဝက်ကျော်အောက်သို့ ကျဆင်းသွားကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဓားစာခံများ လွတ်မြောက်ရေး ကင်ညာအစိုးရ အစွမ်းကုန် အားထုတ်နေ

မွမ်ဘာဆာ(ကင်ညာ) ဩဂုတ် ၂၈

အီရက်နိုင်ငံတွင် တစ်လကျော် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် ကင်ညာဓားစာခံသုံးဦး လွတ်မြောက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း ကင်ညာသမ္မတ ကီဘာကီက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကင်ညာအစိုးရသည် အီရက်နိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခံနေရသည့် ကင်ညာဓားစာခံသုံးဦး လွတ်မြောက်ရေးအတွက် အစွမ်းကုန် အားထုတ်ကြိုးပမ်းနေကြောင်း၊ ယင်းသို့ကြိုးပမ်းနေစဉ် ကင်ညာနိုင်ငံသားများအနေဖြင့် ဓားစာခံများ လွတ်မြောက်ရေးအတွက် ဆက်လက်ဆုတောင်းစေလိုကြောင်း ၎င်းက မေတ္တာရပ်ခံ ပြောကြားလိုက်သည်။

အီရက်နိုင်ငံ၌ ကင်ညာဓားစာခံများ ဖမ်းဆီးခံရချိန်နောက်ပိုင်း ကင်ညာသမ္မတက ယင်းကဲ့သို့ လူသိရှင်ကြား ပြောကြားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ကင်ညာနိုင်ငံသား ထရပ်ကားမောင်းသူ သုံးဦးကို အီရက်ခုခံရေးအုပ်စုတစ်စုက ဇူလိုင် ၂၁ ရက်ကတည်းက ဖမ်းဆီးခဲ့သည်။ ၎င်းတို့လွတ်မြောက်ရေးအတွက် အလုပ်ရှင်ဖြစ်သည့် ကူဝိတ်ပင်လယ်ကွေ့ ဆက်သွယ်ရေးကုမ္ပဏီ(ကေဂျီအယ်လ်)၏ ကြိုးပမ်းအားထုတ်မှုများမှာ အောင်မြင်မှုမရဘဲ ဖြစ်နေရသည်။

၎င်းတို့လွတ်မြောက်ရေးအတွက် အစိုးရက လုံလုံလောက်လောက် ကြိုးပမ်းအားထုတ်ခြင်း မရှိကြောင်း ဓားစာခံများ၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများက စွပ်စွဲပြောဆိုခဲ့ကြသည်။ ဓားစာခံများမှာ ဖမ်းဆီးထားသူများ၏ လက်ထဲတွင် ရှိနေသေးသော်လည်း ၎င်းတို့ကို လွှတ်လိုက်ပြီဟု ဩဂုတ်လ စောစောပိုင်းတွင် ကင်ညာနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ရာ ဓားစာခံများ၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများမှာ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ငြိမ်းချမ်းရေးရရှိပြီးနောက် နာဂျက်ဖ်မြို့သို့ ချီတက်လာကြသည့် အီရက်နိုင်ငံသားများကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာဟာရပြည့်လျှင်ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

ဒေါက်တာလှကြည်

သက်တမ်းစေ့ကျန်းမာစွာ အသက်ရှည်နေနိုင်ရေးသည် လူတိုင်းလိုချင်တောင့်တသည့် အကြီးမားဆုံးဆန္ဒပင်ဖြစ်သည်။ ယင်းဆန္ဒပြည့်ဝရေးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားအမျိုးမျိုးပေါ်တွင် မူတည်လျက်ရှိရာ အာဟာရသည် လူတို့ပြုပြင်ဖန်တီးနိုင်သော အကြောင်းတစ်ရပ်ဖြစ်ပါသည်။

အာဟာရအခြေအနေသည် အစာစားသုံးမှုဆိုင်ရာ ဓလေ့ထုံးစံနှင့် အမူအကျင့်များပေါ်တွင် တည်မှီနေသည်။ မိမိပတ်ဝန်းကျင်တွင်ရရှိနိုင်သည့် အစားအစာအမျိုးအစား၊ စီးပွားရေးအခြေအနေ၊ အာဟာရဗဟုသုတ ရှိခြင်း မရှိခြင်းတို့ကို မူတည်၍ လူတစ်ယောက်နှင့်တစ်ယောက်၊ မိသားစုတစ်စုနှင့်တစ်စု၊ နေရာတစ်နေရာနှင့်တစ်နေရာ အစားအသောက်ဆိုင်ရာအမူအကျင့်များ၊ ဓလေ့ထုံးစံများ ကွဲပြားခြားနားကြသည်။ ကြုံတွေ့ရသည့် အာဟာရပြဿနာချင်းလည်းမတူကြပေ။

အကယ်စင်စစ် ဤကမ္ဘာတွင် အာဟာရပြဿနာကင်းရှင်းသောနိုင်ငံဟူ၍ မရှိချေ။ ယခင်ကဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ပြဿနာသည် အာဟာရချို့တဲ့မှုများဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ ပြဿနာသည် အာဟာရလွန်ကဲခြင်း၊ ဝဖြိုးခြင်းနှင့် နောက်ဆက်တွဲရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောရောဂါများဖြစ်သည်ဟု ခွဲခြား၍သတ်မှတ်ခဲ့ကြသည်။ သို့သော်ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ဒွန်တွဲ၍ အစားအသောက်ဆိုင်ရာ အမူအကျင့်များပြောင်းလဲလာခြင်း၊ (ဆီအစားများလာခြင်း)နေထိုင်ပုံ အမူအကျင့်များပြောင်းလဲလာခြင်း(ကိုယ်လက်လှုပ်ရှားမှုနည်းလာခြင်း) စသည့် လူနေမှုပုံစံအပြောင်းအလဲတို့ကြောင့် အာဟာရချို့တဲ့မှုပြဿနာ မပပျောက်မီမှာပင် ဆီးချို၊ သွေးတိုးနှင့်နှလုံးသွေးကြောရောဂါများကို နောက်တိုးပြဿနာအဖြစ် ကြုံတွေ့နေရပြီဖြစ်ပါသည်။ ဤဆောင်းပါးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကြုံတွေ့နေရသည့် အာဟာရပြဿနာအချို့ကို တင်ပြလိုပါသည်။

> **ဟင်းသီးဟင်းရွက် သစ်သီးဝလံများသည် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝပြီး ဗီတာမင်အေ ချို့တဲ့မှု၊ သံဓာတ်ချို့တဲ့မှု စသည့် အဏုအာဟာရ ချို့တဲ့မှုများမှ ကာကွယ်ပေးနိုင်သဖြင့် ကလေးများအား နေ့စဉ် ကျွေးသင့် သည့် အစာများဖြစ်ပါသည်။**

ဗီတာမင်အေချို့တဲ့မှု

ဗီတာမင်အေ ချို့တဲ့မှုသည် ယခင်ကဆိုလျှင် ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးသူငယ်များ မျက်စိကွယ်ရသည့်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့သည်။ ဝက်သက်ရောဂါ နှင့်ဗီတာမင်အေချို့တဲ့မှုပေါင်းမိလျှင် အန္တရာယ်သည် ပို၍ကြီးမားသွားတတ်သည်။ ဗီတာမင်အေ ချို့တဲ့မှုကြောင့် မျက်စိကွယ်ရသော ကလေးများအနက်အချို့သည် တစ်နှစ် နှစ်နှစ်အတွင်း ရောဂါအမျိုးမျိုးကြောင့် အသက်သေဆုံးကြရပြန်သည်။

ယခုအခါ အင်အားပြည့်ဗီတာမင်အေ ဆေးလုံးများ အချိန်မှန်တိုက်ကျွေးခြင်း၊ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းမှ ထောင်ပေါင်းများစွာသော ကလေးသူငယ်များသည် မျက်စိကွယ်သည့်အန္တရာယ်၊ အသက်ဆုံးရှုံးမှုအန္တရာယ်တို့မှ ကင်းဝေးခဲ့ကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းစီမံချက်ကို ၁၉၉၀ပြည့်နှစ်များ၏ အစပိုင်းမှ စတင်ခဲ့ပြီး ၁၉၉၆ခုနှစ်တွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခဲ့သည်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ်ဆေးနှင့်အတူ ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခဲ့သည်ကို မှတ်မိကြလိမ့်ဦးမည်ထင်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဗီတာမင်အေချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့်ကလေးများမရှိတော့သလောက် ရှားသွားပြီဖြစ်ပါသည်။

ဗီတာမင်အေသည် ကလေးသူငယ်များအား မျက်စိကွယ်ခြင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်ရုံသက်သက်မဟုတ်၊ ကိုယ်ခံစွမ်းအားကိုကောင်းစေပြီး ကူးစက်ရောဂါအမျိုးမျိုးကို ခုခံတိုက်ဖျက်နိုင်သည့် အစွမ်းကိုလည်းပေး၏။ ကြီးထွားဖွံ့ဖြိုးမှုအတွက်လည်း အရေးပါ၏။ ထို့ကြောင့် ခြောက်လမှ ငါးနှစ်အရွယ်ရင်သွေးငယ်များအား ကိုယ်ခံစွမ်းအားမြင့်မားပြီး ကျန်းမာစေရန်၊ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးစေရန် အနီးဆုံးကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ အင်အားပြည့် ဗီတာမင်အေဆေးလုံးကို မတ်လတွင်တစ်ကြိမ်၊ စက်တင်ဘာလတွင်တစ်ကြိမ် မပျက်မကွက် တိုက်ကျွေးပါရန် အသိပေးနှိုးဆော်လိုပါသည်။

သံဓာတ်ချို့တဲ့မှု

သွေးအားနည်းရောဂါဖြစ်စေသော အကြောင်းအမျိုးမျိုးရှိသည့်အနက် သံဓာတ်ချို့တဲ့မှုသည် အဖြစ်အများဆုံးအကြောင်းတစ်ရပ်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် သံဓာတ်ချို့တဲ့မှုကို အများဆုံးခံစားကြရပြီး ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများသည်လည်း သံဓာတ်ချို့တဲ့မှုအန္တရာယ်ကို ကြုံတွေ့ရတတ်သူများဖြစ်ကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဆောင်မိခင် ၅၈ရာခိုင်နှုန်းသည် သွေးအားနည်းနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထား၏။ သွေးအားနည်းနေသည့် အမျိုးသမီးများသည် ကျန်းမာရေးချို့တဲ့ကြသည်။ မောပန်းလွယ်ပြီး အလုပ်ကို အင်တိုက်အားတိုက် မလုပ်နိုင်ကြပေ။ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းတို့နှင့် ဆက်နွှယ်သော အန္တရာယ်အမျိုးမျိုးကို ပို၍ခံစားကြရတတ်ပေသည်။ လမစေ့၊ ပေါင်မပြည့်သော ကလေးများမွေးဖွားတတ်သည်။

သံဓာတ်ချို့တဲ့မှုသည် သိရှိနားလည် မှတ်သားခြင်းဆိုင်ရာ ဦးနှောက်ဖွံ့ဖြိုးမှု (Cognitive Development)နှင့် အာရုံစူးစိုက်မှု(Concentration Power) တို့ကို ထိခိုက်စေသဖြင့် သွေးအားနည်းသော ကလေးများသည် ကျောင်းသင်ခန်းစာများကို ကောင်းစွာမလိုက်နိုင်ကြပေ။ ကိုယ်ခံစွမ်းအားနည်းပြီး ကျန်းမာရေးလည်း ချို့တဲ့ကြသည်။

အသည်း၊ အသား၊ သွေးခဲတို့သည် သံဓာတ်ကြွယ်ဝသော တိရစ္ဆာန်ထွက်အစာများဖြစ်ကြသည်။ ကောက်နှံ၊ ပဲအမျိုးမျိုးနှင့် အစိမ်းရောင် အရွက်ဖားဖားဟင်းရွက်များတွင် သံဓာတ်ပါဝင်သော်လည်း ထိုသံဓာတ်ကို လူ၏ခန္ဓာကိုယ်သည် တိရစ္ဆာန်ထွက် အစာများတွင်ပါဝင်သည့်သံဓာတ်ကဲ့သို့ လွယ်ကူစွာ စုပ်ယူအသုံးပြုနိုင်ခြင်းမရှိပေ။ မြန်မာတို့သည် တိရစ္ဆာန်ထွက် အစားအစာများထက် ထမင်းနှင့် ဟင်းသီးဟင်းရွက်တို့ကိုသာ ပိုမိုနှစ်ခြိုက်စွာ စားလေ့ရှိကြပေရာ ပျိုဖော်ဝင်အရွယ်မှစ၍ အရွယ်ရောက်ပြီးသူ အမျိုးသမီးတိုင်းသည် သံဓာတ်ပါသည့် အားဆေးတစ်မျိုးမျိုးကို ရက်သတ္တတစ်ပတ်လျှင်နှစ်ကြိမ် မှန်မှန်မှီဝဲခြင်းဖြင့်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များသည် နေ့စဉ်မှန်မှန် မှီဝဲခြင်းဖြင့်လည်းကောင်း သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါဖြစ်ခြင်းမှ ကာကွယ်သင့်ပါကြောင်းတင်ပြလိုပါသည်။

မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသောကလေးများသည် အသက်ခြောက်လအထိ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါဖြစ်ပွားလေ့မရှိသဖြင့် အသက်ခြောက်လအောက်ကလေးများအား သံဓာတ်အားဆေးတိုက်ကျွေးရန်မလိုအပ်ပေ။ (တိုက်ကျွေးခြင်းဖြင့် အူအတွင်းရှိ ဘက်တီးရီးယားပိုးများကို အားပေးရာရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားသည့်အန္တရာယ် ပို၍များပါသည်။) အသက်ခြောက်လပြည့်ပြီးသည့်နောက်တွင်မူ သံဓာတ်ကြွယ်ဝသည့် ဖြည့်စွက်အစာများနှင့်အတူ သံဓာတ်ပါဝင်သည့် အားဆေးတစ်မျိုးကိုတိုက်ခြင်းဖြင့် သံဓာတ်ချို့တဲ့မှုမှ ကာကွယ်နိုင်ကြောင်းကိုလည်း တင်ပြလိုပါသည်။

အိုင်အိုဒင်းချို့တဲ့မှု

အိုင်အိုဒင်းချို့တဲ့မှုသည် သန္ဓေသားနှင့် ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေသည့် အကြောင်းရင်းများအနက် အလွယ်တကူကာကွယ်နိုင်သော အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အိုင်အိုဒင်း အာဟာရချို့တဲ့သော မိခင်မှ မွေးဖွားလာသည့်ကလေးသည် လုံးဝစာသင်၍မရအောင် ဉာဏ်ရည်နိမ့်ကျနိုင်သကဲ့သို့ လမ်းမလျှောက်နိုင်လောက်အောင် ခြေလက်များမသန်မစွမ်းဖြစ်နိုင်ပါသည်။ စာသင်၍ရသည့်တိုင် ထူးချွန်ထက်မြက်သည့်ကလေးဖြစ်လာမည်မဟုတ်ပေ။ လမ်းလျှောက်နိုင်သည့်တိုင် ခြေလက်များကို သွက်သွက်လက်လက် မလှုပ်ရှားနိုင်သည့် အခြေအနေမျိုးကို ကြုံတွေ့နိုင်ပါသည်။

လည်ပင်းကြီးရောဂါဖြစ်ခြင်းသည် အိုင်အိုဒင်းချို့တဲ့မှု၏ မြင်သာသော လက္ခဏာဖြစ်၏။ အိုင်အိုဒင်းချို့တဲ့သော လူကြီးများသည် နိုးကြားဖျတ်လတ်မှု မရှိခြင်း၊ ထုံထိုင်းနှေးကွေးခြင်း၊ ကြံရည်ဖန်ရည် မရှိခြင်းတို့ကြောင့် မိသားစု၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ နိမ့်ကျနေခြင်းကိုမူ အလွယ်တကူ မသိမြင်တတ်ကြပေ။ ကလေးများ ဉာဏ်ရည်ထက်မြက်ရေး၊ မိသားစု၏ လူမှုရေး၊ စီးပွားရေး အခြေအနေများ တိုးတက်မြင့်မားရေးတို့အတွက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအပါအဝင် မိသားစုလုံး၊ ကျားမမရွေး၊ အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးခြင်းဖြင့် အိုင်အိုဒင်းအာဟာရအခြေအနေကို မြှင့်တင်ဖို့ အရေးကြီးကြောင်းကိုလည်း တင်ပြလိုပါသည်။

အာဟာရပြည့်ဝသည့်အစားအစာများကိုစုံလင်စွာစားပါ

မိခင်နို့သည် အသက်ခြောက်လအောက်ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်မျိုးစုံပါဝင်သည့် တစ်ခုတည်းသောအစာဖြစ်၏။ သို့သော် အသက်ခြောက်လပြည့်ပြီးချိန်မှစ၍ လူတစ်ယောက်အတွက် အာဟာရဓာတ်မျိုးစုံကို စုံလင်စွာပေးနိုင်သည့် တစ်ခုတည်းသော အစာဟူ၍မရှိပေ။ ဆန်၊ ဂျုံ၊ ပြောင်းစသည့် ကောက်နှံများ၊ သစ်ဥသစ်ဖုများ၊ ဆီ၊ အသား၊ ငါး၊ ပုစွန်၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စုံစုံလင်လင်မျှမျှတတ စားသောက်ဖို့လို၏။

ကလေးကို အသားငါးကျွေးလျှင် သန်ထမည်၊ ဟင်းရွက်ကျွေးလျှင် ဗိုက်နာမည်၊ အသီးကျွေးလျှင် ဝမ်းပျက်မည်၊ ဥကျွေးလျှင်ဝမ်းပုပ်မည်၊ ပဲကျွေးလျှင် ဗိုက်ပွမည်စသည့် အကြောင်းအမျိုးမျိုးပြ၍ အာဟာရပြည့်ဝသော အစာများကို စုံလင်စွာမကျွေးခြင်းသည် ကလေးများ အာဟာရချို့တဲ့ရခြင်း၏ အဓိကအကြောင်းတစ်ရပ်ဖြစ်နေပါသည်။ သန်ထခြင်း၊ ဝမ်းပျက်ခြင်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အစားအစာသန့်ရှင်းလတ်ဆတ်မှုမရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အခြေအနေညံ့ဖျင်းခြင်းတို့နှင့်ပို၍ သက်ဆိုင်၏။ အသား၊ ငါး၊ ဥအမျိုးမျိုး၊ ပဲအမျိုးမျိုးတို့သည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစာများဖြစ်သဖြင့် ကလေးအား တတ်နိုင်သမျှမဖြစ်မနေ ကျွေးဖို့လိုအပ်ပါသည်။ ဟင်းသီးဟင်းရွက် သစ်သီးဝလံများသည် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝပြီး ဗီတာမင်အေချို့တဲ့မှု၊ သံဓာတ်ချို့တဲ့မှုစသည့် အဏုအာဟာရချို့တဲ့မှုများမှ ကာကွယ်ပေးနိုင်သဖြင့် ကလေးများအား နေ့စဉ်ကျွေးသင့်သည့် အစာများဖြစ်ပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မိမိအတွက်ရော၊ သန္ဓေသားအတွက်ပါ နှစ်ယောက်စာ စားဖို့လိုအပ်ပါသည်။ အစားပိုစားလျှင် ကလေးထွားပြီး မွေးဖွားရာတွင် ခက်ခဲမည်ဟုယူဆခြင်းသည် မှားယွင်း၏။ အာဟာရပြည့်ဝမှ ကျန်းမာမည်၊ အားရှိမည်၊ မွေးဖွားရာတွင် လွယ်ကူမည်ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်များ အားနည်းခြင်း၊ ကျိုးကန်းပါးစပ်ဖြစ်ခြင်း၊ လျှာကွဲခြင်း၊ ထုံနာကျဉ်နာဖြစ်ခြင်းတို့သည် မလိုအပ်ဘဲအစားရှောင်သောကြောင့်ဖြစ်ရသည့် အာဟာရချို့တဲ့ခြင်း၏ လက္ခဏာများဖြစ်သည်။

နို့တိုက်မိခင်အချို့သည် ကိုယ်ဝန်ဆောင်ဘဝမှာထက်ပင် အစားရှောင်တတ်ကြသေး၏။ ကလေးဗိုက်နာမှာ၊ ဝမ်းပျက်မှာ၊ နေမကောင်းဖြစ်မှာ စိုးရိမ်ခြင်းတို့သည် အစားရှောင်ရခြင်း၏အဓိက အကြောင်းပြချက်များဖြစ်သည်။ အမှန်မှာ နို့တိုက်မိခင်သည် မိမိအတွက်ရော နို့စို့ကလေးအတွက်ပါနှစ်ယောက်စာ စားရပါမည်။ နို့တိုက်မိခင်သည် ကိုယ်ဝန်ဆောင်ဘဝမှာထက်ပင် အစာစုံလင်စွာပို၍ စားဖို့ လိုအပ်ပါသည်။ နို့တိုက်မိခင် အစားရှောင်လွန်းသဖြင့် ထုံနာကျဉ်နာ စွဲကပ်ခြင်း၊ သူမ၏ နို့ကိုစို့နေရသော ၃–၄လသားအရွယ် ကလေးသည် ဗီတာမင်ဘီဝမ်း (Vitamin Bl) ချို့တဲ့ပြီး သူငယ်နာဘယ်ရီဘယ်ရီ (Infantile beri beri) ရောဂါဖြင့် ရုတ်တရက်သေဆုံးရခြင်းတို့ကို ရံဖန်ရံခါ ကြုံတွေ့နေရဆဲဖြစ်၏။ ဗီတာမင်ဘီဝမ်း ချို့တဲ့ခြင်းသည် မစားနိုင်ခြင်းကြောင့်မဟုတ်၊ မစားတတ်ခြင်းကြောင့် (Vitamin Bl deficiency is not a disease of poverty but it is a disease of imbalanced diet) ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများ အကြံပေးသည့်အတိုင်း မှတ်သားလိုက်နာပြီး အစားအစာစုံလင်စွာ စားသုံးသည့် ဓလေ့ကိုထူထောင်ဖို့ အလွန်အရေးကြီးကြောင်း တင်ပြလိုပါသည်။

အာဟာရဓာတ်များမဆုံးရှုံးအောင် ပြင်ဆင်ချက်ပြုတ်ခြင်း

အာဟာရဓာတ်ကြွယ်ဝသော အစားအစာပင်ဖြစ်စေ ပြင်ဆင်ချက်ပြုတ်ရာတွင် နည်းလမ်းမမှန်ပါက အရေးကြီးသော အာဟာရဓာတ်များ ဆုံးရှုံးသွားတတ်သည်။ အာဟာရဓာတ်များ ရေတွင်မျောပါဆုံးရှုံးခြင်းမဖြစ်စေရန်–

* ကြက်သား၊ ဘဲသား၊ ငါးတို့ကိုအကောင်လိုက်ရေဆေးပါ။ ရေဆေးပြီးမှတုံးတစ်ပါ။ တုံးတစ်ပြီးလျှင် ရေထဲတွင်စိမ်မထားပါနဲ့။
* အမဲသား၊ ဆိတ်သားတို့ကိုဝယ်လာသည့် အတုံးကြီးအတိုင်း ရေဆေးပါ။ ရေဆေးပြီးမှ အတုံးသေးသေးတုံးပါ။ အတုံးသေးသေးတုံးပြီးလျှင် ရေထဲတွင် စိမ်မထားပါနဲ့။
* ဟင်းရွက်များကို အခက်လိုက်ရေဆေးပါ။ ရေဆေးပြီးမှ ဖြတ်တောက်ပါ။ ဖြတ်တောက်ပြီးလျှင် ရေထဲတွင်စိမ်မထားပါနဲ့။ ဟင်းရွက်များကို ကြာရှည်စွာအပူပေး၍ မပြုတ်ပါနဲ့။ ရေနွေးကိုဆူအောင်တည်ထားပြီးမှ ဟင်းရွက်ကိုခပ်ပါ၊ ချက်ချင်းအဖုံးပိတ်၍ မီးဖိုမှချပါ။
* သစ်သီးများကို အလုံးလိုက်ရေဆေးပါ။ ရေဆေးပြီးမှ အခွံနွှာ၍ ထက်ခြမ်းခြမ်းပါ။ ခွဲစိတ်ပါ။ ထက်ခြမ်းခြမ်းပြီး ခွဲစိတ်ပြီးလျှင် ရေထဲတွင်စိမ်မထားပါနဲ့။
* ဆန်ကိုအလွန့်အလွန်ဖြူဆွတ်သွားအောင် မကြိတ်ခွဲပါနဲ့။ လျှော့ကြိတ်ပါ။
* ဆန်ကိုရေတွင် စိမ်ထားခြင်း၊ အထပ်ထပ်ဆေးခြင်း၊ လက်နှင့်ကြမ်းကြမ်းတမ်းတမ်းပွတ်၍ ဆေးခြင်းမပြုလုပ်ပါနဲ့။ သင့်တင့်ရုံ ညင်ညင်သာသာဆေးပါ။
* ထမင်းကိုရေခန်းချက်စားပါ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁–၉–၂၀၀၄မှ ၇–၉–၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

အသက်၆–လမှ ၅–နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသော အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ | သတ္တုတွင်းဝန်ကြီးဌာန

တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများလှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဆက်ကပ် လှူဒါန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံ စာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းထံ အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင် အလှူတော်ငွေများလှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး ချန်မောင်တို့က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ လှူဒါန်းပွဲကျင်းပ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

✧ **တောင်ဥက္ကလာပမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက်ငွေကြာရုံပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တ ဓမ္မဒိန္နအား အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တပ်မတော်အရာရှိကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီနှင့်ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ် မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်များ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကလည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်များကိုသာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှလှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက လည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို အသင်းအတွင်းရေးမှူး ဦးမျိုးအောင်က လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသောဆွမ်းဆန်တော်များကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်မှ လှူဒါန်းသော ဆီနှင့်ဆပ်ပြာများကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော အိုင်အိုဒင်းဆားနှင့်သွားတိုက်ဆားဘူးများကို တာဝန်ရှိသူများက လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် တိုင်းရင်းဆေးတိုက်ပိုင်ရှင်များမှ လှူဒါန်းသော တိုင်းရင်းဆေးမျိုးစုံကို တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ကလည်းကောင်း၊ ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လက်ခံယူစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အလှူရှင်များက ဆွမ်းဆန်တော်နှင့်တိုင်းရင်းဆေးများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်လှူ

ယင်းနောက်ပရိယတ္တိစာသင်တိုက်များသို့ စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ အလှူရှင်များဖြစ်ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက အလှူငွေကျပ် ၁၇၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၁၀၀၀၊ ဦးဗိုလ်ဆိုင်း(စက်မှုဇုန်ဥက္ကဋ္ဌ-တောင်ဥက္ကလာပ)က အလှူငွေကျပ် ၁၃၀၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်က အလှူတော်ငွေကျပ် ၁၀၀၀၅၀၀၊ ဦးအောင်မြတ်(Mother Trading Co,Ltd) က ငွေကျပ် ၃၀၀၀၀၀၊ Grade Nine Construction Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးအိုက်လင်းက ငွေကျပ် ၃၀၀၀၀၀၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီဆိုင်မှ ဦးကျော်နိုင်ဦးက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာပြည်သားဟော့ ကုမ္ပဏီမှ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်းကငွေကျပ် ၃၀၀၀၀၀၊သမားတော်ဦးဘိုကြီး - ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)က အလှူငွေကျပ် နှစ်သိန်း၊ BTB ကုမ္ပဏီမှ ဦးသိုင်းဝင်း-ဒေါ်ငွေငွေ ညွှန့်မိသားစုကအလှူငွေကျပ်နှစ်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်နှစ်သိန်း၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် နှစ်သိန်း၊ စန္ဒီပရဆေး (ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့က ငွေကျပ် (ACE) ဆောက်လုပ်ရေး၊ ဒေါက်တာဝင်းဇော် (Lizstar Enterprise Co., Ltd)၊ ဒေါက်တာမိုးတင်၊ ဦးကိုကိုလတ်-ဒေါ်တင်တင်မေ (ကြည်သာရွှေဆိုင်) သဃ်န်းကျွန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်း(စိန်နှင့်ဆန်းကုမ္ပဏီ)၊ ဦးခင်ဇော်(ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ Silver Shine Co., Ltd မှ ဦးဖေလှိုင်၊ (၁၁) ရပ်ကွက် သာသနာ့ဟိတနိဗ္ဗာန်ဆော် လူငယ်များအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမျိုးအောင်- ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ) က ငွေကျပ် ၈၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများက ငွေကျပ် ၅၉၀၀၀၊ ချမ်းမြေ့စတိုးမှ ဦးသန်းမောင်-ဒေါ်ငွေကြည် မိသားစု ကငွေကျပ် ၅၄၀၀၀၊ ဆရာဦးရွှေများ - ဒေါ်ခင်ယုံ (တိုင်းရင်းသမားတော်ကြီး)၊ များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေကျပ် နှစ်သိန်း၊ ဂရိတ်ဝေါဒက်ကြေမိသားစုက ငွေကျပ် ၁၅၀၀၈၀၊ သမ္မတသင်္ကန်းတိုက်မှ ဦးသန်းနိုင် - ဒေါ်ကြည်ကြည်ဆွေ မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀၊ ဝင်းရတနာ ခရီးသွားလုပ်ငန်းမှ ဦးတင်အောင်-ဒေါ်လှလှနွယ်တို့က အလှူငွေကျပ် ၁၀၈၀၀၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ကိုအောင်မွန်-ဒေါ်လှလှမွန် (မြင့်မြတ်စပါးရောင်းဝယ်ရေး)၊ ဦးတင့်ဆန်း ကေသီပန် ဦးကြည်စိုး (ကေသီပန် တိုင်းရင်းဆေးထုတ်လုပ်ရေး)၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ မိသားစု၊ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်ကြီးများအသင်း၊တောင်ဥက္ကလာပမြို့နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဦးဇော်အောင်မိသားစု အမှတ် (၁၀၄၅)၊ သုမင်္ဂလာလမ်း(၄)ရပ်ကွက်၊ဒေါ်သန်းစိန် မိသားစု အမှတ်-၈၀၆-ခ၇(၁၉) လမ်း (၄)ရပ်ကွက်၊ ဒေါ်လီလီခိုင် မိသားစု၊ အမှတ်-၁၂၆၀၂-လမ်း၊(၆) ရပ်ကွက်၊ ဦးမျိုးအေး-ဒေါ်ထွေးထွေး မိသားစု၊ အမှတ်-၃၀၇၊ သုမင်္ဂလာလမ်း(၇)ရပ်ကွက်၊ဦးဆုံမင်း-ဒေါ်သန်းရီမိသားစု၊အမှတ်-၂၉၆-သစ္စာလမ်း(၁၀)ရပ်ကွက်၊ဒေါ်လှကြည်မိသားစု၊ သစ္စာလမ်း (၁၀)ရပ်ကွက်၊အဝေယာဆေးခန်းမိသားစု၊ မေတ္တာလမ်း(၁၀) ရပ်ကွက်တို့က ငွေကျပ် ငါးသောင်းစီ အပါအဝင် စေတနာရှင် ပြည်သူများက အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ နာယကအဖွဲ့ဝင် စာချဆရာတော်ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တ ဓမ္မဒိန္နက သာဓု အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ အတွင်းရေးမှူး(၂)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသော ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်(၁၇) တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော်၄၃၃ အိတ်၊ ဆီပိဿာ၁၆၀၊ ပဲ ပိဿာ ၃၀၀၊ အိုင်အိုဒင်းဆား ပိဿာ ၁၆၄၀၊ တိုင်းရင်းဆေးမျိုးစုံ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိ စာသင်တိုက်၊ ဒက္ခိဏာရုံ စာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ အလှူရှင်တစ်ဦး အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေ များပေးအပ်လှူဒါန်းပွဲတွင် သာသနာရေးဝန်ကြီးဌာန ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မှော်ဘီ၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်များမှ လယ်သမားများနှင့် တာဝန်ရှိသူများအား မိုးစပါး စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ် စိုက်ပျိုးရေး တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ရေများ ပြန်လည်ကျသွားပြီဖြစ်သဖြင့် လယ်ယာမြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးကြရန်လို
ရန်ကုန်တိုင်း မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးရန်လျာထားခဲ့ရာ စိုက်ဧကပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်း

*** ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ရင်းတပ်ဖွဲ့များ၏ ရေကျနောက်စိုက် မိုးစပါးစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စိုက်ကွင်းများအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို ၁၂လရာသီ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ဘားလားဒေသသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်တက်ဆင်း လမ်းကြောင်းအောက်၌ တည်ရှိသဖြင့် စရိုတ်များနှင့် တစ်ဧကအထွက်နှုန်း အခြေအနေတို့ကို မေးမြန်းကာ ဒေသခံ တောင်သူလယ်သမားများ ပင်ပန်းရကျိုးနပ်စေရန်အတွက် စတင်စိုက်ပျိုးစဉ်ကတည်းက အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျကျပေါင်းစပ်အသုံးပြုရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက တိုင်းမှူး၏ စီစဉ်ဆောင်ရွက်မှုဖြင့်

နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှုအပေါ်တွင် တည်မှီလျက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖြစ်ထွန်းတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် မိရိုးဖလာစိုက်ပျိုးလုပ်ကိုင်နေမှုမှ ငွေကြေးအကုန်အကျသက်သာပြီး အချိန်တိုတိုအတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လယ်ယာသုံးစက်ယန္တရားများကို အသုံးပြုကာ တိုးတက်ပြောင်းလဲ စိုက်ပျိုးလုပ်ကိုင်ကြရန်လိုကြောင်း၊ ထို့အပြင် မိမိတို့

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘားလားဒေသ ရေကျနောက်စိုက်မိုးစပါးများ စိုက်ပျိုးမှုကို စစ်ဆေးစဉ်။
(သတင်းစဉ်)

တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေတော်မိုးတော် လယ်ယာမြေများဖြစ်စေရန် ဆောင်ရွက်နေမှုနှင့် ရန်ကုန်တိုင်း၌ ယခုလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် လယ်ယာမြေအချို့ ရေကြီးနစ်မြုပ်ခဲ့ရာ ဆုံးရှုံးလယ်ယာမြေများကို စိုက်ဧကအပြည့်အဝ ပြန်လည်ရရှိရန် စိုက်ပျိုးနေမှုတို့နှင့် စပ်လျဉ်း၍ လှည့်လည်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေကျနောက်စိုက် မိုးစပါး လယ်မြေဧကများ၌ ပျိုးထောင်ရန် ခေတ်သစ်ပေါင်းပျိုးနည်းစနစ်ဖြင့် Chainut ဖ၀မျိုးနှင့် ရွှေနံ့သာ (၉)မျိုးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေထွန်းကုမ္ပဏီလီမိတက်က တီထွင်ထုတ်လုပ်ထားသော လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုအားပေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဘားလားစိုက်ကွင်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘားလားစိုက်ကွင်းအတွင်း တပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုးထားသော လယ်မြေများနှင့် ရေကြီးနစ်မြုပ်ခဲ့သော လယ်မြေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မှော်ဘီ၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ လယ်သမားများအား တွေ့ဆုံကာ မိုးစပါး စိုက်ပျိုးရေးအတွက် တစ်ဧက ကုန်ကျစရိတ်များ၊ နွေစပါး တစ်ဧက ကုန်ကျ ခရိုင်အတွင်းရှိ မြို့နယ်များ၌ ရေမြုပ်လယ်မြေများကို ရေကျသည်နှင့်တစ်ပြိုင်နက် တစ်ကွက်ပေါ်တစ်ကွက်စိုက်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကအမှာစကားပြောကြားရာတွင် ယခုလအတွင်း ရန်ကုန်တိုင်း၌ ရွာသွန်းခဲ့သည့် မိုးကြောင့် လယ်ယာမြေအချို့ ရေကြီးနစ်မြုပ်မှုများရှိခဲ့ပြီး လယ်ယာမြေအချို့ ပျက်စီးခဲ့ရကြောင်း၊ ယခုအခါ ရေများ ပြန်လည်ကျသွားပြီဖြစ်သဖြင့် ယင်းလယ်ယာမြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် ဝီရိယစိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရန်ကုန်တိုင်းအတွင်း ယခုနှစ် မိုးရာသီတွင် မိုးစပါး ဧက ၁၂သိန်း စိုက်ပျိုးရန် လျာထားခဲ့ရာ စိုက်ဧကပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

စိုက်ပျိုးလုပ်ကိုင်သည့် လယ်ယာလုပ်ကွက်များ၌ စိုက်ပျိုးလုပ်ကိုင်ပြီးသည်မှ အစပြုပြီး စပါးများရိတ်သိမ်းခြွေလှေ့ပြီး အမိုးအကာအောက်ရောက်သည်အထိ ဂရုပြုဆောင်ရွက်ကာ လေလွင့်ဆုံးရှုံးမှုမရှိစေရန် လယ်ယာလုပ်ငန်း လိုအပ်ချက်များကို အမြဲမျက်ခြည်မပြတ် ဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနိုင်ငံထူထောင်ရန် အဓိကလိုအပ်သဖြင့် စက်မှုဇုန်များကို နိုင်ငံအနှံ့တည်ထောင်ကာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အကူအညီပေးကာ တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း။

စက်ကိရိယာများ ထုတ်လုပ်လျက်ရှိ

အဆိုပါ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ မြန်မာ့လယ်ယာလုပ်ငန်းနှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်လျက်ရှိသည့်အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများကလည်း လယ်ယာသုံး စက်ကိရိယာများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ လယ်ယာလုပ်ငန်းခွင်များတွင် ပျိုးကြဲစိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံး စက်ကိရိယာများ သုံးစွဲဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာပြီး လယ်ယာလုပ်သား သုံးစွဲရမှု နည်းပါးခြင်းနှင့် ကုန်ကျစရိတ် သက်သာခြင်းတို့ကို ခံစားကြရမည်ဖြစ်သဖြင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားများအနေဖြင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၁၀ မှ

တိုးတက်ထုတ်လုပ်ပေးနေခြင်းဖြစ်သဖြင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ပိုမိုသုံးစွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် သီးနှံအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော်ဧကများ တိုးတက်ဖြစ်ပေါ်လာရေးတို့အတွက်လည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများ ပူးပေါင်းကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဦးတည်ချက်များချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာတွင် ပထမဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း။

အမျိုးသားညီလာခံ ကျင်းပခြင်းအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် ပထမဆင့်ဖြစ်သော အမျိုးသားညီလာခံ၏ အပိုင်းကဏ္ဍတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းဆောင်ရွက်သည့်နေရာတွင် အခြေခံလိုအပ်ချက်သုံးချက်ရှိရမှာဖြစ်ကြောင်း၊ ပထမအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန်လိုကြောင်း၊ ဒုတိယအခြေခံ လိုအပ်ချက်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားနေရန်လိုကြောင်း၊ တတိယအခြေခံလိုအပ်ချက်မှာ ပြည်သူများ အသိဉာဏ်မြင့်မားမှု၊ ဆင်ခြင်တုံတရား ပြည့်ဝမှု အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေးပင်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများသည် မိမိတို့ လိုလားတောင့်တနေကြသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ တက်လှမ်းနိုင်မှာဖြစ်ကြောင်း။

အဓိကကျ

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားတောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း၊ ထိုကဲ့သို့ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဘားလားဒေသမှ တောင်သူလယ်သမားများက ရေကျနောက်စိုက် မိုးစပါး ပြန်လည်စိုက်ပျိုးဆောင်ရွက်ခဲ့မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ဘားလား ရေကြီးကွင်း၊ ရေနက်ကွင်းအပါအဝင် ရန်ကုန်တိုင်းအတွင်းရှိ ရေကျနောက်စိုက်မိုးစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့မှု၊ သီးနှံအထွက်နှုန်း တိုးတက်ရရှိရေးအတွက် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက်အထွက်ကောင်းမျိုးများသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ ပညာပေးဆောင်ရွက်ခဲ့မှုများနှင့် မိုးစပါး၊ နွေစပါးအပြင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ နှမ်းနှင့် အခြားသီးနှံများကို စိုက်ပျိုးရန် ပညာပေးဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နံနက်ပိုင်းတွင် ဘားလားစိုက်ကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆ ဆောင်းပါးမှ

ဥပါဒ်ကင်းအောင် ချက်ပြုတ်စားသုံးပါ

ကြက်ဥကိုအစိမ်းသောက်ခြင်း၊ ကြက်ဥ၊ဘဲဥတို့ကို မကျက်တကျက်ပြုတ်၍ စားခြင်း၊ အသား၊ ငါးတို့ကို မကျက်တကျက်စားခြင်း၊ ငါးပုစွန်တို့ကို အစိမ်းစားခြင်း၊ နို့ကို အစိမ်းသောက်ခြင်းတို့ကို အားမပေးပါ။ ထိုသို့စားသုံးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ ဝက်သားနှင့် အမဲသားတို့တွင် ပါလာနိုင်သည့် သန်ပြားကောင်(Tape Worm)ရောဂါ၊ နွားနို့တွင် ပါလာနိုင်သည့် တီဘီရောဂါများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် အစားအသောက် ဥပါဒ်ကင်းရေးအတွက်–

- နွားနို့ကို ဆူပွက်အောင် ကျိုပြီးမှ သောက်ပါ။
- ဥများကို ကျက်အောင်ပြုတ်ပြီးမှ စားပါ။
- အသား၊ ငါးတို့ကို နူးနူးနပ်နပ် ချက်ပြုတ်စားသုံးပါ။ အသားကို အတုံးသေးသေးတုံး၍ ကျက်အောင်(အတုံး၏ အလယ်ကောင်တွင် အပူချိန် ၇၀ ဒီဂရီ စင်တီဂရိတ်ရောက်အောင်) ချက်ပြုတ်ပြီးမှ စားသုံးပါ။
- ဟင်းလျာများကို ချက်ပြုတ်ပြီးလျှင် ပူပူနွေးနွေးစားသုံးပါ။
- ချက်ပြုတ်ပြီး အချိန်အနည်းငယ်ကြာမှ စားမည်ဆိုလျှင် (နွေးရုံသက်သက်မဟုတ်) ဆူပွက်အောင် အပူပေးပြီးမှ စားသုံးပါ။
- ဖြစ်နိုင်လျှင် မနက်ဘက်ချက်ထားသော အစာကို ညနေမှစားခြင်း၊ ညနေဘက် ချက်ထားသောအစာကို နောက်တစ်နေ့မှ စားခြင်းမှ ရှောင်ကြဉ်ပါဟု တင်ပြလိုပါသည်။ ။

ဂျပန်နိုင်ငံ နှင်ဘုစုရှု ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ၌ ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံ နှင်ဘုစုရှု ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘုန်းတော်ကြီး ဟီရိုရှိ ဖူဂျီကုရ ဦးဆောင်သော အဖွဲ့ဝင် ၂၄ဦးတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဆေးပဒေသာပင်

အမှတ်–၁၅(ဒီ) အောင်မင်းခေါင်ဘုရားလမ်း ကမာရွတ်မြို့နယ်နေ ဒေါက်တာဦးခင်မောင်ဝင်း–ဒေါက်တာဒေါ်ဝေဝေ၊ သား ဖွဲ့မာန်ဟိန်း၊ ဖြိုးမာန်ဟိန်း မိသားစုက ဒေါက်တာဦးခင်မောင်ဝင်း၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် ဩဂုတ် ၁၃ရက်က လက်ခံယူစဉ်။ (က–ပ)

ဩဂုတ် ၂၉ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းသုံးတယ်လီဖုန်းတပ်ဆင်ရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၅၀၀၀၀၀ စုပေါင်းလှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်ထိန်ထံ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးရဲမြင့်အောင်၏ဇနီး ဒေါ်စန်းစန်းဝေ စာရွက်စာတမ်းများပေးအပ်စဉ်။ (က–ပ)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနယူးစ်ဂေဇက် ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၆)ကို စတင်ဖြန့်ချိလိုက်ရာ ဒစ်ဂျစ်တယ်လိုင်းဖုန်းသုံးသောင်းရှစ်ထောင်ကျော် တိုးချဲ့တပ်ဆင်ပေးမည်၊ မကြာမီ ပေါ်ပေါက်မည့် တကောင်း ယဉ်ကျေးမှုဇုန်ကြီး၊ ရှမ်းစတား မိုင်းတုံပစ်ကပ်ကား ပုံစံသစ်နှစ်မျိုး၊ ကန်တော်ကြီး ရေပြင်တွင် လှေစီး အပန်းဖြေနိုင်ရေး၊ မြန်မာ–တရုတ် နယ်စပ်ဖြတ်ကျော် ဖန်ကြိုးမျှင်ဆက်သွယ်ရေးစနစ်၊ စွယ်စုံကြည့်မျက်မှန်များ လူသုံးများလာ စသည့် ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖော်ပြထားသည်။

တရုတ်နိုင်ငံအတွင်း ဂရင်းကတ်များထုတ်ပေး၊ မလေးရှားမှာ ဘီအမ်ဒဗလျူကားထုတ်၊ စင်ကာပူ စီမံခန့်ခွဲရေးဖွံ့ဖြိုးမှုတက္ကသိုလ် စသည့် နိုင်ငံတကာသတင်းများ၊ အပတ်စဉ် ပါနေကျကုန်စည်ဒိုင်နှင့် နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်၊ အပတ်စဉ် အပန်းဖြေအညွှန်း စသည်တို့ ပါဝင်ကာ e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၈–၂၀၀၄ (တနင်္လာနေ့)

၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိ ပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း၊ မြင်းခြံမြို့၊ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ ဟောကြားတော်မူသည့် "မေတ္တာအခါတော်နေ့ တရားတော်"**
၈:၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၃၀ ၆။ International News.
၈:၄၅ ၇။ Islands of Dhamma.
၈:၅၀ ၈။ **ဘဒ္ဒန္တ ဇောတိပါလ (အဘိဓေ မဟာရဋ္ဌဂုရု)(အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက–၁၊ ကျောက်တန်း အမျိုးသမီးဝတ်ရွတ်အဖွဲ့
၅:၀၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
၅:၁၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
၅:၂၅ ၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၅:၃၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊အကများ
၅:၅၅ ၉။ **မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) "ဗုဒ္ဓပူဇာအဖွင့်တေးအလင်္ကာ" (ဘုရားပွင့်ဦး နိမိတ်ထူး) (ဣန္ဒာဆွေ ရေးသားပူဇော်၍ ရာဇာဝင်းတင့် သီဆိုပူဇော်သည်။)**
၆:၁၀ ၁၀။ Discovery.
၆:၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း–၁၉)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုးကုသခြင်း) (အပိုင်း–၃)**
၇:၂၀ ၁၅။ သာသနာတော်သုံးရပ် ပြန့်ပွားစေရန် လှူဒါန်းကြပါစို့ သဒ္ဒါထက်သန်
၇:၄၀ ၁၆။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း–၁၇)**
၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

✳ စာမျက်နှာ ၉ မှ

၆၃၆၄ဘူး၊ သွားတိုက်ဆား ၃၂၈ဘူး၊ ပဒုမ္မာဆပ်ပြာတောင့် ၃၂၈၀နှင့် ဆွမ်း ပဒေသာပင်အတွက် အလှူတော် ငွေကျပ် ၈၉၆၄၅၉၀ဖြစ်သည်။

အနောက်ပိုင်းခရိုင်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အမှူးပြုသောပရိသတ်များကငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒဂုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ကြီးများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ တို့ကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးချန်မောင်တို့က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေး ဝန်ကြီးဌာနက လှူဒါန်းသည့် ဆွမ်းဆန်တော်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကိုလှူဒါန်းကြပြီးပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က ဆီ ၃၈ပိဿာနှင့် ဆပ်ပြာတောင့် ၈၃၀၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ အသင်းတို့က အိုင်အိုဒင်းဆား ၄၁၅ပိဿာနှင့် သွားတိုက်ဆား ၈၁ဘူး၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာန ဝန်ထမ်းမိသားစုက တိုင်းရင်းဆေးဘူး ၁၀၀နှင့် ဦးအောင်ဇော်မြင့်-ဒေါက်တာမြတ်မြတ်အုန်းခင်(မြတ်သဇင်ဆေးတိုက်) မိသားစုက တိုင်းရင်းဆေးဘူး ၄၀၊ စုစုပေါင်း တိုင်းရင်းဆေးဘူး ၁၄၀၊ ထွန်းရွှေဝါဆေးတိုက်နှင့် ကေသီပန်ဆေးတိုက်တို့က တိုင်းရင်းဆေးဘူး စုစုပေါင်း ၇၄၀၊ ဂရိတ်ဝေါဆေးတိုက်မိသားစုက ရှမ်းရိုးမလိမ်းဆေးဘူး ၇၂၀၊ ဂဠုန်ရာဇာ တိုင်းရင်းဆေးလုပ်ငန်းက တိုင်းရင်းဆေး ၈၄ဘူး၊ တိုင်းရင်းဆေးဆရာ ဦးရွှေမြက သွားတိုက်ဆေးဘူး ၂၅၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး)မိသားစု၊ ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက်နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ဆွမ်းဆန်တော်ငါးအိတ်စီ၊ ဒဂုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂ သီဟသုဓမ္မသိင်္ဂ ဒေါ်မိမိခင်က ဆွမ်းဆန်တော်တစ်အိတ်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာဖေဉာဏ်က ရဌပါလ မဂ္ဂဇင်းအုပ်ရေ ၆၀နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဆွမ်းဆန်တော်ငါးအိတ်တို့ကိုဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလှူတော်ငွေလှူဒါန်း

ထို့နောက် ကျောင်းတိုက်ကြီးများအတွက် ဆွမ်းပဒေသာပင်အလှူတော်ငွေအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၂၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂ ဒေါ်ဆယ် (လူမှုထူးချွန်ပထမဆင့်) ငွေဆယ်ကုမ္ပဏီမိသားစု၊ ဒဂုံမြို့နယ် သိင်္ဂရွှေရည်ဓာတ်ပုံတိုက်မှ ဒေါ်မေသန်းနွယ်၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီ မိသားစုနှင့် ဂရိတ်ဝေါ တိုင်းရင်းဆေးလုပ်ငန်းမှ ဦးမောင်မောင် မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး) မိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ဘီတီဘီကုမ္ပဏီ ဦးသိုင်းဝင်း-ဒေါ်ငွေငွေညွှန့် မိသားစုနှင့် သမားတော် ဦးဘိုကြီး-ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်) မိသားစုတို့ကငွေကျပ်၁၅၀၀၀၀စီ၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတ သင်္ကန်းတိုက်) မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ဦးတင်အောင်-ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသည်ပို့ဆောင်ရေးလုပ်ငန်း) က ငွေကျပ် ၁၀၈၀၀၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး မိသားစုနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဇော်ဇော်နိုင်-ဒေါ်ရီရီမြင့် (မေခလာကုမ္ပဏီ)၊ ဒဂုံမြို့နယ်က ငွေကျပ် ၁၀၃၅၀၀၊ မြင့်မြတ် စပါးစိုက်ပျိုးရေးလုပ်ငန်း မိသားစု၊ ဒဂုံမြို့နယ် အိုလံပစ်ဟိုတယ်မိသားစုနှင့် ဒဂုံမြို့နယ် အင်းပရက်စ် မြန်မာမီဒီယာမှ ဒေါ်နန်းအေးသန်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဆန်းမြန်မာ မိသားစုက ငွေကျပ် ၈၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်နှင့် ကေသီပန် တိုင်းရင်းဆေးလုပ်ငန်းတို့က ငွေကျပ် ၅၀၀၀၀စီ၊ စုစုပေါင်းငွေကျပ် တစ်သိန်း၊ တိုင်းရင်းဆေးဆရာကြီး ဦးရွှေမြက ငွေကျပ် ၅၀၀၀၀၊ ဦးရိုန်ဝင်း မိသားစု (တက်လမ်းဆောက်လုပ်ရေး) နှင့် ဦးစိုးလှိုင် မိသားစု (ပြည့်ဝဆောက်လုပ်ရေး) တို့က ငွေကျပ် တစ်သိန်းစီ၊ ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၀၀၀၀၊ ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၃၅၀၀၀၊ ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်မိသားစု (မြတ်သဇင် တိုင်းရင်းဆေးလုပ်ငန်း)၊ ဂဠုန်ရာဇာ တိုင်းရင်းဆေးလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်မောင်အား ရည်စူး၍ သီရိသုဓမ္မသိင်္ဂ သီဟသုဓမ္မသိင်္ဂ ဒေါ်မိမိခင် မိသားစုနှင့် ဦးစိုးမြင့်အောင် (နိုကာသောက်ရေသန့်) မိသားစုတို့က ငွေကျပ် ၃၀၀၀၀စီ၊ ဒဂုံမြို့နယ် အထက (၁)၊အထက(၂)၊အထက(၃)နှင့်အလက (၁)တို့က စုပေါင်းလှူဒါန်းငွေကျပ် ၆၀၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် တွဲဖက်စစ်ရေးချုပ်တို့က လက်ခံယူကြသည်။

ရေစက်ချ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးချန်မောင်က တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားပြီး ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)၊စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များ၊အလှူရှင်များကအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဝတ်အသင်းအဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှုစုစုပေါင်းမှာ ဆွမ်းဆန်တော် ၁၂၂ အိတ်၊ ဆီပိဿာ ၄၀ နှင့် ၅၀ ကျပ်သား၊ ပဲ ၈၁ပိဿာ၊ အိုင်အိုဒင်းဆား ၄၁၅ ပိဿာ၊ သွားတိုက်ဆားဘူး ၈၁ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၃၄ဘူးနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေကျပ် ၃၀၆၈၅၉၀ ဖြစ်သည်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ဇီဝလောင်စာသုံးစွဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ဩဂုတ် ၂၉ရက်ကထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ပို့ဆောင်နှုတ်ဆက်စဉ်။ (စွမ်းအင်)

❍ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သက်ဆိုင်ရာရုံးခန်းများအလိုက် ညအချိန် လုပ်ငန်းဆောင်ရွက်ရာတွင် လုံလောက်သောမီးအလင်းရောင်ကိုသာ အသုံးပြုရန်၊ မီးချောင်းအရေအတွက် တစ်ချောင်းနှင့်လုံလောက်လျှင် တစ်ချောင်းသာ အသုံးပြုပြီး ကျန်မီးချောင်းများပိတ်ထားရန်၊ ညအချိန်တာဝန်မှူး ရုံးခန်းနှင့်လုံခြုံရေးအတွက် လိုအပ်သည့်နေရာများ၌သာ မီးထွန်းထားရန်နှင့် အလင်းရောင်ရရှိလာချိန်တွင် မီးများပိတ်ရန်၊ ပန်းခြံနှင့်ဈေးများအတွင်း၌ လုံခြုံရေးအတွက် လိုအပ်သော မီးများမှအပ ကျန်မီးများပိတ်ထားပြီး လုံခြုံရေးမီးများကိုလည်း မိုးလင်းအထိ မထွန်းမိကြစေရေး ဂရုပြုဆောင်ရွက်ရန်၊ လမ်းမီးများကိုလည်း မှောင်စပျိုးချိန် ဖွင့်စေပြီး အလင်းရောင်သန်းလာသည်နှင့် မီးအားလုံးပိတ်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရန်ကုန်မြို့တော်အတွင်း မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

☆ အစားထိုးလောင်စာမှ

ထိုင်းဝန်ကြီးချုပ်နှင့် မိမိတို့သည် အက်သနောထုတ်လုပ်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံသွားရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း မြို့တော်မနီလာရှိ ရေနံသိုလှောင်ရေးစခန်းတစ်ခုသို့ရောက်ရှိစဉ် အာရိုယိုကပြောကြားသည်။

အီသိုင်းအယ်လ်ကိုဟောလ်အဖြစ် သိရှိကြသော အက်သနောသည် အသွေးအရောင်မရှိ၊ စွမ်းဆောင်ရည် မြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသည့် မော်တော်ကားသုံးလောင်စာဖြစ်သည်။ ကစီဓာတ်နှင့် သကြားဓာတ်ပါဝင်သော ကောက်ပဲသီးနှံများဖြစ်သည့် ပြောင်းဖူး၊ လူးဆတ်၊ အာလူး၊ ဂျုံ၊ ကြံနှင့် နံ့စားပင်များအပြင် စွန့်ပစ်ဟင်းသီးဟင်းရွက်တို့ကို ကစော်ဖောက်ခြင်းနှင့် ပေါင်းခံသန့်စင်ခြင်းဖြင့် အက်သနောကို ထုတ်ယူနိုင်သည်။

ဘရာဇီးနိုင်ငံသည် အက်သနောထုတ်လုပ်အသုံးပြုရာတွင် အောင်မြင်မှုရရှိနေကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် အက်သနော ၅ ရာခိုင်နှုန်းထက်မနည်း ပေါင်းစပ်ပါဝင်သည့် ဓာတ်ဆီကိုအသုံးပြုလာနိုင်မည်ဟု မျှော်လင့်ကြောင်း အာရိုယိုကပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပမှဝယ်ယူတင်သွင်းသော ရေနံအပေါ် မှီခိုအားထားနေမှု လျှော့ချနိုင်ရေးအတွက် အက်သနောနှင့် အခြားအစားထိုးလောင်စာများကို စူးစမ်းရှာဖွေဖော်ထုတ်ကာအသုံးပြုသွားရန် ဖိလစ်ပိုင်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် ရေနံရှားပါးသည့် ပြဿနာကို ဖိလစ်ပိုင်နိုင်ငံ ရင်ဆိုင်နေရကြောင်း ဖိလစ်ပိုင်စွမ်းအင်ဌာနက သောကြာနေ့တွင် ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၉-၈-၂၀၀၄)

ရေး
၄ ဒသမ ၉၆ လက်မ
ထားဝယ်
၄ ဒသမ ၃၃ လက်မ
မချမ်းဘော
၄ ဒသမ ၀၂ လက်မ
မိုးကုတ်
၃ ဒသမ ၁၉ လက်မ
ပူတာအို
၂ ဒသမ ၇၆ လက်မ

စက်သုံးဆီ ခြိုးခြံချွေတာရေး

- ▲ **ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။**
- ▲ **မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။**
- ▲ **ထိုငွေဖြင့် ရောဝတီ မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။**

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ခွပ်ကျယ်စက်ရုံမြေနေရာစစ်ဆေး ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၇နာရီတွင် မန္တလေးတိုင်း တောင်သာမြို့နှင့်မြင်းခြံမြို့အကြား အမှတ်(၃)နယ်မြေ ကွင်းအမှတ်(၉၉၄) ကွင်းခြံကျေးရွာအနီး၌ မြန်မာ့အထည်အလိပ် လုပ်ငန်းမှ ခွပ်ကျယ်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမြေနေရာ ဖော်ထုတ်ရွေးချယ်ရာ၌ စိုက်ပျိုးရေးလုပ်ငန်းများမှ လွတ်ကင်းသောနေရာကို ရွေးချယ်သွားရန်နှင့် စက်ရုံအတွက် လိုအပ်သည့် ရေအရင်းအမြစ်ရရှိရန်လိုအပ်သဖြင့် စနစ်တကျရှာဖွေရွေးချယ်သွားရေး မှာကြားသည်။

ပညာရည်ချွန်ဆု

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့၏ တတိယအကြိမ် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပရာ ဝန်ကြီးဦးအောင်သောင်းက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူ မခင်ငြိမ်းချမ်းအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် ငါးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မအေးငြိမ်းချမ်းကျော်စိုး၊ မအေးမြစံ၊ မဝတ်ငုံဖူး၊ မောင်ကျော်မိုးလွင်၊ မအိဖြိုးဝေနှင့် မမေမြတ်မွန်တို့အားလည်းကောင်း၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၀ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဝန်ကြီးသည် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးများရရှိရန် သင်ကြားပြသပေးကြသော ဆရာ၊ ဆရာမ ၇၃ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

တွေ့ဆုံ

ဝန်ကြီးသည် နံနက် ၁၀နာရီတွင် မြင်းခြံမြို့နယ် ထနောင်းတိုင် အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ရှေ့ဦးစွာ ထနောင်းတိုင် အခြေခံပညာ အထက်တန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာချစ်ကိုက ထနောင်းတိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းသို့ တိုးမြှင့်ပေးသဖြင့် နိုင်ငံတော်၏ စေတနာကို လေးစားယုံကြည်ကြောင်း၊ ကျေးဇူးလည်း အထူးတင်ရှိကြောင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းက ကျေးလက်ပြည်သူများအနေဖြင့် ရပ်ရွာအကျိုး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆင်နွှဲရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းများကိုယ်စား ထနောင်းတိုင် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ်၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာချစ်ကိုအား ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်သာမြို့နယ် ရသစ် အခြေခံပညာအထက်တန်း ကျောင်းရှေ့ ယာယီမဏ္ဍပ်၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

မတည်ငွေပေးအပ်

တွေ့ဆုံပွဲတွင် ဝန်ကြီး ဦးအောင်သောင်းက ရသစ် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)မှ အထက်တန်းကျောင်းသို့ တိုးမြှင့်ခဲ့ပြီဖြစ်ရာ မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်း၍ ပညာရည် မြင့်မားတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ရန် မတည်ငွေကျပ် သိန်း ၃၀ကို စေတနာရှင်အလှူရှင်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းများကိုယ်စား ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးသိန်းညွှန့်တို့က လက်ခံကြသည်။

ယင်းနောက်ဝန်ကြီးသည် ကျောင်းအတွက် အားကစားပစ္စည်းနှင့် ဆရာ၊ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြင်းခြံမြို့နယ် မဏိကဥ္စနာခန်းမ၌ ကျင်းပသော တတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲတွင် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။ (စက်မှု-၁)

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာခင်ရွှေ အမျိုးသားသက်လတ်တန်းပြိုင်ပွဲ ပထမဆုရ အားကစားဝန်ကြီးဌာန(က)အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

အမျိုးသား၊ အမျိုးသမီးအဖွဲ့လိုက် ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၄ ခုနှစ် အမျိုးသား၊ အမျိုးသမီးအဖွဲ့လိုက် ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဇူလိုင် ၃၀ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား/အမျိုးသမီး တာဝေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးချိုမောင်က အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသား မီတာ ၁၅၀၀ ဆုရသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်း၊ ရန်ကုန်ရေကူးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်နှင်းသူတို့က စံချိန်သစ်တင်သူများအား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးသက်ငယ်တန်း ပထမဆုရ ရန်ကုန်ရေကူး(က)အသင်းကို လည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးမြင့်ထွန်းက အမျိုးသား သက်ငယ်တန်း ပထမဆုရ ပြည်ထဲရေး(က)အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ခင်ဆွေမြင့်က အမျိုးသမီးသက်လတ်တန်း ပထမဆုရ ရန်ကုန်ရေကူး(က)အသင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကအမျိုးသားသက်လတ်တန်း ပထမဆုရအားကစားဝန်ကြီးဌာန (က)အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးသက်ကြီးတန်း ပထမဆုရ ကုက္ကိုင်း(က)အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အမျိုးသားသက်ကြီးတန်း ပထမဆုရ အားကစားဝန်ကြီးဌာန(က)အသင်းကိုလည်းကောင်း တံခွန်စိုက် ဆုဖလားများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသား သက်လတ်တန်းနှင့် သက်ကြီးတန်းပြိုင်ပွဲတို့တွင် တံခွန်စိုက်ဆုဖလားများရရှိခဲ့သော အားကစားဝန်ကြီးဌာနအသင်းများအား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အထူးဆုအနေဖြင့် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုပြိုင်ပွဲတွင် စံချိန်သစ် ခုနစ်ခုတင်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မိုးရာသီအလွတ်တန်းဘော်လီဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ၌ ပို့ဆောင်ရေးအသင်း ရိုက်ချက်ကို ကက(ရေ)အသင်း ပိတ်ဆို့စဉ်။ (ကြေးမုံ)

မိုးရာသီ အလွတ်တန်းဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များပြီးဆုံး

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း(အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားသုံးပွဲကျင်းပရာ ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကို သုံးပွဲ-ပွဲမရှိ၊ ကာကွယ်ရေး(လူငယ်) အသင်းက ပြည်ထဲရေးအသင်းကို သုံးပွဲ-ပွဲမရှိ၊ ပို့ဆောင်ရေးအသင်းက ကက(ရေ)အသင်းကို သုံးပွဲ-တစ်ပွဲတို့ဖြင့် အသီးသီးအနိုင်ရရှိသွားသည်။ ယမန်နေ့က ကျင်းပသော ပွဲစဉ်များတွင် အမျိုးသမီးပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းက ပို့ဆောင်ရေး(ခ) အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ပို့ဆောင်ရေး(က) အသင်းက ပြည်ထဲရေးအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ၌ မြို့တော်စည်ပင်အသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ပြည်ထဲရေးအသင်းက ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေး (လူငယ်) အသင်းက ပို့ဆောင်ရေးအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အုပ်စုပွဲစဉ်များ ယနေ့ ပြီးဆုံးသွားရာ အမျိုးသားပြိုင်ပွဲ၌ ကာကွယ်ရေး(လူငယ်)အသင်းက ခြောက်ပွဲနိုင်သဖြင့် အုပ်စုပထမ၊ မြို့တော်စည်ပင်အသင်းက ငါးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက သုံးပွဲနိုင်၊ သုံးပွဲရှုံးဖြင့် အုပ်စုတတိယ၊ ပြည်ထဲရေးအသင်းက သုံးပွဲနိုင်၊ သုံးပွဲရှုံးဖြင့် အုပ်စုစတုတ္ထ၊ အမျိုးသမီးပြိုင်ပွဲ၌ ပို့ဆောင်ရေး(က)အသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုပထမ၊ ကာကွယ်ရေးအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ ပို့ဆောင်ရေး(ခ)အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုတတိယ၊ ပြည်ထဲရေးအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုစတုတ္ထတို့ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီး အကြိုဗိုလ်လုပွဲအဖြစ် ပို့ဆောင်ရေး(က)နှင့် ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် ပို့ဆောင်ရေး(ခ)၊ အမျိုးသား အကြိုဗိုလ်လုပွဲများအဖြစ် ကာကွယ်ရေး(လူငယ်)နှင့် ပြည်ထဲရေး၊ မြို့တော်စည်ပင်နှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၃၀ရက် နံနက် ၈နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

(ကြေးမုံ)



စမ်းချောင်းမြို့နယ် အလက(၄) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၂၈ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအောင်ထိုက် ပညာရည်ချွန်ဆုအတွက် လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ၂၉လက်မတီဗွီတစ်လုံးနှင့် မီးအားမြှင့်စက်တစ်လုံးတို့ကိုလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်လက်ခံယူစဉ်။ (က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရေစက်ချအလှူမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပ ပဒေသာပင်အလှူရှင်များ၏ (၂၇)ကြိမ်မြောက် ရေစက်ချ အလှူမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် အဆိုပါဆေးရုံကြီး ဝေဇယန္တာဆောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း သာကေတမြို့နယ် ပါဠိကာရီပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂိသအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပါဠိကာရီပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းထိန်က ပဒေသာပင်အလှူရှင်များ၏ ရေစက်ချအလှူမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်း အကြောင်းတို့ကို တင်ပြလျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဦးစီးပဓာန နာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးသူ၊ ဈေးသားများက ပထမအကြိမ် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် အလှူငွေနှင့် ကျိုက်ထီးရိုးတောင်တွင် သီတင်းသုံးလျက်ရှိသော ဝါဆိုသံဃာတော်များအတွက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်များကို ရင်ပြင်တော်ကျောင်းဆရာတော်ဦးရေဝတထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၅ ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၆၅ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ဂျာမနီ ဥရောပ စစ်ဌာနချုပ်ကို ဆက်လက်ထားမည့် အမေရိကန်၊ နာဂျက်ဖ်တင်းမားမှု အဆုံးသတ်၊ ဩစတြေးလျနိုင်ငံအကြောင်း သိကောင်းစရာ၊ အဖမ်းခံလိုက်ရသော ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာ၏သား၊ ပါကစ္စတန်ရှိ အကြမ်းဖက်ကလာပ်စည်းများ၊ နေ့ခင်းကြောင်တောင် ဓားပြတိုက်ခံရသည့် နော်ဝေပြတိုက်၊ အာကာသတွင်း လက်နက်တပ်ဆင်မှု ပိတ်ပင်ရေး အစီအစဉ်၊ အမေရိကန် ကျေးလက်မိသားစု၏ ခံစားချက်၊ ဘော်ဘီဖစ်ရှာ အမေရိကန်သို့ ပြန်ပို့ရန် ဂျပန်ဆုံးဖြတ်၊ ကမ္ဘာ့ရေပြဿနာ၊ ကျက်စားစရာမြေ ကျဉ်းကျုတ်နေသော ကြောင်မျိုးနွယ်ဝင် သတ္တဝါများ၊ ဆူဒန်နိုင်ငံ ဒါဖာဒေသ အကျပ်အတည်း အဆုံးသတ်ရန် ကြိုးပမ်းချက်၊ ရုရှားတွင် လေယာဉ်နှစ်စင်း တစ်ပြိုင်တည်းနီးပါး ပျက်ကျ၊ ၂၀၀၄ ခုနှစ် သံနှင့် သံမဏိလုပ်ငန်းအခြေအနေ၊ နိုင်ငံတကာဟာသ၊ မြူးနစ်အိုလံပစ် အနိဋ္ဌာရုံမျိုး မပေါ်ပေါက်ရေး အေသင်အိုလံပစ်ပွဲတော်၌ လုံခြုံရေး တင်းကျပ်၊ အိန္ဒိယ စီးပွားရေးအတွက် အခရာကျသည့် စိုက်ပျိုးရေး၊ ချူကလီးယားသုတေသနအစီအစဉ်ဆက်လက်ဆောင်ရွက်မည့် အီရန်၊ လုံခြုံမှုမရှိသော အီရတ်အဝေးပြေးလမ်းမများစသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

(က-ပ)

ငါးပါးသီလခံယူ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင်များအား (၂၇)ကြိမ်မြောက် ရေစက်ချအလှူတော်မင်္ဂလာနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ဆေးရုံကြီးရှိ ဝေဇယန္တာဆောင်၌ ကျင်းပရာ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၉ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဘက်စုံထူးချွန် ပထမဆုရ စတုတ္ထတန်း ကျောင်းသူ မသဉ္ဇာထိပ်ထားဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (၃၂)

ဤဖုန်းနံပါတ် အသစ်သို့ ဆက်ပါ။
384186 384460 253608
ကျောက်ထွင်း လျှပ်စစ် မီးဖို အမျိုးမျိုး
ဗွီအားမြှင့်စက် အမျိုးမျိုး
အင်ဗာတာ အမျိုးမျိုး
အော်တိုချုပ် အမျိုးမျိုး
လက်လီ လက်ကား ရပါပြီ။
အမှတ်(၁၁၂၁၂၉) လမ်း(၃၀)အလယ် ရန်ကုန်မြို့။

Y.E.S.
LANGUAGE EDUCATION CENTRE
No.190, 2nd Floor, 28th Street, (Upper Block), Pabedan Tsp. ☎ 243950



ဩဂုတ် ၂၇ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်း၌ အလှူရှင် ဦးခင်မောင်ဦး-ဒေါ်ခင်ခင်ထားတို့၏ သမီး သူငယ်တန်း(က)မှ မချောစုသာ မိသားစုက ကျောင်းသူ၊ ကျောင်းသားများအား ဘဲသားဆန်ပြုတ် အာဟာရတိုက်ကျွေးစဉ်။ (က-ပ)

အမည်ပြည့်စွက်ခြင်း

အဘဦးအိုက်ရှန်၏သား အထက (၂)၊ သဃ်န်းကျွန်း၊ ဒသမတန်း(H)မှ စိုင်းအိုက်စိုင်း [၁၃/နခန (နိုင်) ၀၄၇၃၇၈]အား စိုင်းအိုက်စိုင်း(ခ) ရဲမင်းအောင်ဟု အမည်ပြည့်စွက်ခေါ်ပါရန်။
စိုင်းအိုက်စိုင်း(ခ)ရဲမင်းအောင်။

PRIME
Language Acquisition Centre
- Basic Spoken English
- Grammar & Vocabulary Building
- Reading & Writing
- Business English
- Essay & Letter Writing
- GCE, IELTS, TOEFL, GMAT, SAT ...

Electrical Engineering Team
Electrical Design Plan
Estimate Budget
< Customer 20 >
Daily Open (Office Hours) ☎ - 380746

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းလက်ထောက်အထွေထွေမန်နေဂျာ၏ ကြီးကြပ်မှုဖြင့် အများပြည်သူသုံးတယ်လီဖုန်းကို ဩဂုတ် ၁၆ ရက်မှစ၍ ခင်ဦးမြို့ အောင်ချမ်းသာရပ် ကျော်စည်ဟိန်းထမင်းဆိုင်ရှေ့ ရွှေဘိုနှင့် ရေဦးကားလမ်းဘေးတွင် တပ်ဆင်ထားပြီး ပြည်သူများ ပြည်တွင်း၊ ပြည်ပအနီး၊ အဝေး သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ ဆက်သွယ်နေကြသည်ကို တွေ့ရစဉ်။ (မြို့နယ်/ပြန်ဆက်)

မိတ္ထီလာမြို့တွင်းလမ်းများ ပြုပြင်ဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၂၅

မိတ္ထီလာမြို့သည် ခရိုင်အဆင့်မြို့ဖြစ်သည်နှင့်အညီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့ ကွန်ပျူတာကောလိပ်သွား ရန်မျိုးအောင်လမ်းမကြီးအား လမ်းပေါက်များပြုပြင် ဖာထေးခဲ့ရာ အလျား ၃၆၂၆ပေ x အနံ ၁၂ပေ ဆောင်ရွက်ပြီးစီး သွားပြီဖြစ်သည်။

ဆက်လက်၍ ပြုပြင်ရန်ကျန်ရှိနေသေးသည့် ပေါက်ချောင်းရပ်ကွက်သွား တရုတ်ဂိတ်လမ်းမကြီးအားလည်းကောင်း၊ ပြည်သာယာ (၃) လမ်းမကြီးအားလည်းကောင်း၊ အောင်ဇေယျာရပ်ကွက်သွား အောင်ဇေယျာပုလဲဈေးလမ်းမကြီးအားလည်းကောင်း၊ စုစုပေါင်းအလျားပေအရှည် ၁၆၃၂၅ပေ x အနံ ၁၂ပေရှိ လမ်းပိုင်းအား လမ်းပေါက်များ ဖာထေးပြုပြင်နိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်၊ လက်ထောက်ညွှန်ကြားရေးမှူး

ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဆန်းဝင်းတို့မှ စစ်ဆေးကြီးကြပ်ပြီး အမြန်ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်/စည်ပင်)**

ပညာသင်စရိတ်ပေးအပ်

ဩဂုတ် ၉ ရက်က ဂန့်ဂေါမြို့ မြို့မရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည့် ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား၌ မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်ဒေါ်သီတာက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းထံ ပညာသင်စရိတ် လွှဲပြောင်းပေးအပ်စဉ်။ (၄၆၅)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ခါးပတ်ကျေးရွာစက်ရေတွင်းအား ဩဂုတ် ၁၃ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်/စည်ပင်)

ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်း အမှတ်(၂)ဝိုင်း ဓမ္မသိပ္ပံစာသင်တိုက်ကြီးအတွင်း၌ စာချ၊ စာသင်၊ သံဃာတော်များ သီတင်းသုံးနိုင်ရေးအတွက် ငါးထပ်ကျောင်းဆောင်တော်ကြီးများ တည်ဆောက်လျက်ရှိရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူ အလှူရှင်များ ဖုန်း- ၅၆၀၄၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမည်ပြောင်း

ညောင်လေးပင်မြို့နယ် ပိန်းတလုပ်မြို့ အထကကျောင်းလမ်းနေ မစန္ဒာလင်း ၇/ညလပ(နိုင်)၁၀၃၂၀၇ အား မနီနီခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မနီနီခိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံသားစိစစ်ရေးကတ် ၁၃/ဟပန(နိုင်) ၀၂၉၁၀၇ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပို့ပေးပါရန်။ **မဖွေးဖွေးလွင်**

ငါးပြတိုက်စီမံကိန်း၊ယုဇနဆောက်လုပ်ရေး မြေပဒေသာကျွန်း၊ ကန်တော်ကြီး။

GRACE TRAINING AND SERVICE CENTRE
707956

(3-9-2004)မှ (9-9-2004)
(14-9-2004)မှ (20-9-2004) 9:00-12:00, 1:00-4:00
Cardial Squash, Power Plus : Energy Drink
Jelly, Jam
01-690264, 662129

သတင်းကောင်း
Success Copier Group Ltd.
Success Copier Group Ltd.
Ph : 254404/38 (Ext : 310), 098021578

ဘာပဲလိုလို
No. 1 Directory in Myanmar
50,000+ Business Listings
3,700+ Advertisements
500+ Business Headings
Published by Yangon City Development Committee
Cover
Contents Pages
Color Advertisers
Maps of Yangon
Street List
Editorial
(Health and Help lines)
(Business & Employment)
(Social Welfare Activities)
(Education)
(Public Transport)
(Food and Drinks)
(Shopping)
(Communication)
Information
(Useful Telephones)
(Government Offices)
Product Index
(Advertiser List)
Exporters & Importers
Business Listings
(Classified)
Index
Index
YANGON DIRECTORY & MANDALAY DIRECTORY 2005
YDC
Tel: 01-245358, 373254, 374468
Tel: 02-28967, 64508
e-mail: pubsales@yangon.net.mm
www. yangondirectory.com.mm
ကြော်ငြာပိတ်ပါပြီ။ (၃၁·၈·၂၀၀၄) ရှိတယ်

Capt ထွန်းအောင်ကျော်အတွက် မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်း/ချစ်သားကြီး Capt ထွန်းအောင်ကျော်၏ ၁၀-၈-၂၀၀၄ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ၌ ဘုရားရှင်၏ ကောင်းချီးမင်္ဂလာများစွာ ခံစားရရှိနိုင်ပါစေ။

ချစ်ဇနီးနှင့်သမီးငယ်– Mလီလီဆန်း၊ Anita လီလီအောင်
ဖေဖေ–မေမေ – [ဗိုလ်မှူးကြီးကိုကြီး(ငြိမ်း)]–ဒေါ်ခင်စုစု
Capt.M နော်ဆန်း–ဒေါ်ကျင်မွေး။

[illegible]

(က) [illegible]
(၁) B.A (Business Science) ဘွဲ့
(ခ) [illegible]
(၁) Diploma in Secretaryship for Enterprise. (Dip S.E)
(၂) Diploma in Business Management. (Dip B.M)
(၃) Diploma in Banking, Finance & Insurance. (Dip B.F.I)
(၄) Diploma in Enterprise Development. (Dip E.D)
(၅) Diploma in Financial Management. (Dip F.M)
(ဂ) [illegible]
(၁) Diploma in Secretaryship for Enterprise. (Dip S.E)
(၂) Diploma in Business Accounting. (Dip B.Acc)
(၃) Diploma in Marketing Management. (Dip M .M)

[illegible]

ELITE Engineering Group

[illegible]
၄။ Programmable Logic Controls (P.L.C) [illegible]

[illegible]

[illegible]

Premium Marketing Co., Ltd.တွင် [illegible]

၁။ Assistant Manager [illegible]
DMA [illegible] Sales&Marketing [illegible]
၂။ Admin Assistant [illegible]
Computer [illegible]

[illegible]

ဖျာပုံမြို့ အလက(၁) (ရုပ်တိုက်ကျောင်း)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပရန် အသိပေးဖိတ်ကြားခြင်း

ဖျာပုံမြို့ အလက(၁) (ရုပ်တိုက်) ကျောင်းတော်ကြီးတွင် ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများ အောက်ပါလိပ်စာများသို့ ဆက်သွယ်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

အလက(၁)၊ဖျာပုံမြို့။ ဖုန်း–၀၄၅–၄၀၆၇၀
ဦးမောင်မောင်ဦး ဖျာပုံမြို့ ၀၄၅–၄၀၁၀၂
ရဲမျိုးထွန်း(ဘရားသားကဖီး) ၀၄၅–၄၀၁၉၃

အလက(၁)အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ကျောင်းသားဟောင်းများ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၉)ရက် ၂၀၀၄ခုနှစ် ဇူလိုင်လ(၂၅)ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ခုနှစ် ဩဂုတ်လ(၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက် တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ရှေ့တန်း မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင်ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ (၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက် နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒေ့ပဒေအမိန့် –၂၁၊ နည်းဥပဒေ–၂၂)

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂နှင့်ဆက်သွယ်သည့်

၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၉

ဦးဆန်းအောင်	**နှင့်**	**ဦးဘိုးသန်(ခ)ဦးသိန်းမြင့်**
အမှတ်(၂၂၂)၊ ဘုရင့်နောင်လမ်း၊		**အမှတ်(၄)၊ စည်သူလမ်း၊**
(၂)ရပ်ကွက်၊ ခရမ်းမြို့နယ်။		**(၃)ရပ်ကွက်၊ သုံးခွမြို့နယ်။**
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဦးဘိုးသန်(ခ)ဦးသိန်းမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုပေးရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ (၈)ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး။

FAME Plasmogine®

[illegible]

[illegible]

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

[illegible]

DIPLOMA IN COMPUTER ARTS (DIP.CA)

[illegible]

၁။ [illegible] Forever Group [illegible]

၂။ [illegible]

Specialized in " Character Animation & Advanced Media "

Level 1. Graphic Production for Exporting any Media
Level 2. Video/Audio Production, Motion Graphics & Visual Effects
Level 3. Character Animation & Advanced Media

Specialized in " Multimedia & Infocom Technology "

Level 1. Graphic Production for Exporting any Media
Level 2. Rich Media Content Creation, Interactive TV & Streaming Video
Level 3. Multimedia & Information Communication Technology

[illegible]

Forever Group Co., Ltd.

[illegible] Broadcast Studio [illegible] GlobeCaster All in One Studio Solution [illegible] Bagan Cybertech [illegible] Broadband Internet/Intranet Facilities [illegible] Adobe [illegible] Design Solution "Adobe Creative Suite" [illegible] Web Designer [illegible] Rich Media Content Creator [illegible] Multimedia [illegible] Multimedia Developer [illegible] Information Age [illegible] On Job Training [illegible]

[illegible]

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ပတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၆၄

[illegible]





ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)သမိုင်း၊ မြေကွက်အမှတ်-$\frac{၃၃၈^{၂}}{၃-B}$ မြေပိုင်မြေ (လန-၃၉)အမျိုးအစား၊ ဧရိယာဧက(၀.၁၆၉) အကျယ်အဝန်းရှိသော အမှတ်-၁၁/ခ၊ မလိခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သည့် ဦးဖုန်းမြင့်လူ၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ငွေထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆိုပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးစီးအောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင့်သန္တာဦး(စဥ်-၂၂၃၇၈)
(LL.B, D.B.L, BDS)
အထက်တန်းရှေ့နေ
အမှတ် ၅၅၊ အခန်း ၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၈၇၂၁၇။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၂၉ဒီ)၊ မြေကွက်အမှတ်-၄၇၅-ဘီ/ခ-အေ၊ ဧရိယာ ၀.၀၂၄ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၉)၊ ဓမ္မစေတီလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏အမှုသည် အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများ တင်ပြလျက် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမင်းဆွေ ဘီ၊ အေ၊ အာရ်၊ အယ်လ်
တရားရုံးချုပ်ရှေ့နေ(၂၀၂၁)
၈၃/၁၄ ၊ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၇၂၇၆

ဝန်ထမ်းများအမြန်အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ **အင်ဂျင်နီယာ** **ကျား/မ(၁၀)ဦး**
B.E/A.G.T.I (Civil)
လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။

၂။ **မန်နေဂျာ** **ကျား(၃)ဦး**
ဘွဲ့တစ်ခုခုရှိပြီး
စီမံခန့်ခွဲမှုကျွမ်းကျင်သူဖြစ်ရမည်။
အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။
ဆောက်လုပ်ရေးလုပ်ငန်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။
(တပ်မတော်မှ အငြိမ်းစားအရာရှိများ ဦးစားပေးမည်။)

၃။ **ကြီးကြပ်ရေးမှူး** **ကျား(၁၀)ဦး**
ပညာအရည်အချင်း (ဘွဲ့ရ)
အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း
ဆောက်လုပ်ရေးလုပ်ငန်းကိုစိတ်ပါဝင်စားသူဖြစ်ရမည်။
(တပ်မတော်မှ အငြိမ်းစားအရာရှိ၊ အရာခံများ ဦးစားပေးမည်။)

၄။ **စာရေး** **ကျား(၁၀)ဦး**
ပညာအရည်အချင်း (ဘွဲ့ရ)
ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ခန့်ရှိရမည်။
လုပ်ငန်းခွင်၌ ညအိပ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၅။ **စာရင်းကိုင်** **ကျား/မ(၁၀)ဦး**
B.Com/D.A.LCCI Level III
အနည်းဆုံးလုပ်သက် (၃)နှစ်ရှိရမည်။
(ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။)

၆။ **လုံခြုံရေး** **ကျား(၂၀)ဦး**
အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။ ကျန်းမာရေးကောင်းပြီး အလုပ်တွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(တပ်မတော်/မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အငြိမ်းစားများ ဦးစားပေးမည်)

လျှောက်ထားသူများသည် မကြာသေးမီက ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံစာမူရင်း၊ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာတို့ကိုဖော်ပြလျက် အောက်ဖော်ပြပါလိပ်စာသို့ ၁၅-၉-၂၀၀၄နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖွံ့ဖြိုးအောင်
ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ်(၃၅၄)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၂၃၅၉၂၊ ၂၂၃၅၉၃။

Opportunity to meet Korean Biz. Partners

The Trade Mission from Iksan City, will be visiting Myanmar to seek for Partners for the following products.

1/ Garbage Dump Truck, Vacuum Pack, Oil Trucks, Tank Trucks, Arm-Roll Trucks, High-Pressure Sprinkler Trucks 2/ Mobile & Easy to be installed Cool-tainer (used for-Agricultural and Fishery Products, Frezing Warehouse, Fruit/Vegetable Freezer, Meat Packaging Facility and all other places Needed to be Cooled/ Frozen) 3/ Developer for Film, Paper & X-Ray (Ammonium Thiosulphate) 4/ FA System, Auto Loader System, Quality & Maintenance Measurement Machinery and Tools 5/ Solution for Cleaning Gas & Oil Boiler (Decreasing Fuel Consumption & Cost of Cleaning Boiler) 6/ LED Cluster, LED DOT Matrix, LED Pixel Module, LED Display 7/ Crayon, Water Color Set, Poster Color For 8 & 9 Import: Granites and Marbles, Stone Articles used for mounment, Signboard & Tomb

Interested entrepreneurs are cordially invited to register Related items for Individual Discussion not later than 10 Sept., 2004.

Date : 17 September 2004 (Friday)
Venue : Ball Room, Traders Hotel
Time : Will be provided when register

Commercial Sec. (KOTRA), Korean Embassy
#0902, Sakura Tower, No.339, Bogyoke Aung San Rd., Kyauktada Tsp.
Tel : 255 453 ~6 Fax : 255 457 Email : kotraygn@mpal.com

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ်(၆၇)၊ မြေညီထပ်တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော " SUMO INDUSTRIAL TRADING LIMITED "သည် အောက်ဖော်ပြပါ တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ် များဖြစ်သော " PUNTO"နှင့် " MASPION" ဟူသော အမည်အမှတ်အသားနှင့် အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (IV- ၃၈၆/၂၀၀၄)နှင့် (IV- ၃၈၇/၂၀၀၄)တို့ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။



IV - ၃၈၆/၂၀၀၄ IV - ၃၈၇/၂၀၀၄

အဆိုပါ" PUNTO" နှင့် " MASPION"အမှတ်တံဆိပ် အမည်အမှတ်အသားများကို အသုံးပြုထားသည့်ဘူးများအပေါ်တွင် " PUNTO "နှင့် " MASPION " တံဆိပ်များကပ်နှိပ်၍ ကုမ္ပဏီသည် လျှပ်စစ်မီးချောင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို အရောင်းကိုယ်စားလှယ် CITY MATE GENERAL TRADING CO., LTD. မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါ ကုန်အမှတ်တံဆိပ်ပါ လျှပ်စစ်ပစ္စည်းများ၏ ကောင်းသောဂုဏ်သတင်းကိုအခွင့်ကောင်းယူကာ အချို့သော လုပ်ငန်းရှင်များသည် အဆိုပါ အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ထားသည့် လျှပ်စစ် ပစ္စည်းအမျိုးမျိုးတို့ကို တရားမဝင်သောနည်းလမ်းဖြင့် တင်သွင်းပြီး၊ ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။ ယင်းသို့ ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ ကုန်အမှတ်တံဆိပ်ပါ လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်လက်ဝယ်ထားရှိခြင်းများ လုံးဝမပြုလုပ်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၃၀(ပထမထပ်)၊ ၄၄လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-(၀၁) ၂၉၆၁၃၂၊ ၂၉၈၅၄၁။

ဦးဝင်းဌေး(ဘီအိပ်ချ်အင်န်-၀၀၂၀၆၈)နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာချက်

(၁၂-၇-၂၀၀၄)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၈)ပါ အများသိစေရန် ကြေညာချက်မှာ ပြည့်စုံမှန်ကန်မှုမရှိပါ။ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်-၁၇၃/၁၇၄ မြေပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ထရိုက်တိုက်နှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး (၁၁)ရုံး၊ တရားမကြီးမှု အမှတ်၊၅၂၃/၂၀၀၃တွင် တရားလို ဦးဝင်းဌေးမှ တိုက်ခန်းများ လက်ရောက်ရလိုမှု စွဲဆိုထားခြင်းမဟုတ်ပါ။ တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) တိုက်ခန်း၏ကာလတန်ကြေးနှင့် နစ်နာကြေးငွေများ ပေးအပ်စေလိုမှု စွဲဆိုထားခြင်းဖြစ်ပါသည်။ တိုင်းရုံးတော်မှလည်း (၂၈-၆-၂၀၀၄)ရက်နေ့တွင် ယင်းကန်ထရိုက်တိုက်နှင့်ပတ်သက်၍ "ထို့ကြောင့် တရားလို ဦးဝင်းဌေးက တိုက်ခန်းများ ရောင်းချခြင်းမပြုရန် ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်ထားချက်အား နောက်ထပ်အမိန့်တစ်စုံတစ်ရာမရမီ မြေညီထပ်နှင့် ပထမထပ် ဝဲအခန်းအား၊ ယာယီတားဝရမ်းထုတ်ပေးလိုက်သည်" ဟူ၍သာ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ ယာယီတားဝရမ်းအမိန့်အပေါ် ဦးတင်စိုး(ကန်ထရိုက်တာ)က တရားရုံးချုပ်သို့ တရားမ အထွေထွေအယူခံမှုအမှတ်၊၅၁/၂၀၀၄ဖြင့် အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်မှ အယူခံမှုအား လက်ခံထားပြီးဖြစ်၍ နှစ်ဦးနှစ်ဖက် လျှောက်လဲချက်များ ကြားနာရန် အဆင့်သို့ ရောက်ရှိနေပါကြောင်း အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမောင်မောင်စိုး၊ဦးမောင်မောင်စော၊ဒေါ်ဝါဝါဝင်းသစ်
ဦးတင်စိုး(စိုးဘရားသားဆောက်လုပ်ရေး)တရားရုံးချုပ်ရှေ့နေများ
အမှတ်(၁)၊ပန်းဆိုးတန်းလမ်းနှင့် ဘဏ်လမ်းထောင့်
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၅၄၁၆၉။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဇော်လွင်ကြူး(ခ)ဖိုးဇော် [PGU-၂၃၈၈၃၄]သည် မိဘအပေါ် ဒုက္ခ အမျိုးမျိုးနှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး ညီအစ်ကို၊ မောင်နှမများ အပေါ်တွင်လည်း သည်းခံခွင့်မလွှတ်နိုင်သော လုပ်ရပ်များ အမျိုးမျိုး ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
မိခင်
ဒေါ်သန်းရွှေ။
[၁၂/အစန(နိုင်)၀၁၂၈၂၂]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၆၇၄၂၉ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

MIT MPEC

- Windows Basic Course
  - -Microsoft Word
  - -Microsoft Excel
  - -Microsoft PowerPoint
  - -Adobe PageMaker
  - -E-mail & Intranet usages
- Graphic Design Course
  - -CorelDRAW
  - -Adobe Illustrator
  - -Adobe Photoshop 7.0

Phone: 505278,502801,539151

ဦးထင်ဇော် (ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)၏

ပဋ္ဌာန်အတိုင်းဆောင်ရွက်ပေးစေလိုမှု

ထွက်ပြီ

ဖြန့်ချိရေး– "ဖိုးဝ" ဥပဒေစာပေ
အမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့်ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၇၂၁၈၂၄၊ ၆၆၃၀၄၉။

အခမဲ့အိမ် အဆင့်မြင့်မူကြိုနှင့်နေ့ကလေးထိန်း

- * လစဉ်(၆)လသားမှ (၅)နှစ်ထိ ရင်သွေးငယ်များလက်ခံနေသည်။
- * သင်တန်းနှင့် ကလေးထိန်းကြေးသက်သာသည်။
- * ကျောင်းကြိုကျောင်းပို့ မော်တော်ယာဉ်ရှိသည်။
- * ဈေးကုန်သည်များ၏ ရင်သွေးငယ်များကို စနေနှင့် တနင်္ဂနွေနေ့များအတွက် သီးသန့်စီစဉ်ပေးသည်။
- * သင်တန်းချိန်– နံနက် ၉:၀၀နာရီမှ ညနေ (၃:၀၀)နာရီထိ
- * စုံစမ်းရန် ဖုန်း–၀၁–၅၄၀၃၂၅ နံနက်(၆:၀၀)မှ (၈:၃၀)နာရီတစ်ကြိမ်နှင့် ညနေ (၄:၃၀)မှ (၇:၃၀)နာရီထိ။
- * လိပ်စာ–အမှတ်(၁၇၂)၊(၄)လွှာ၊ ဗညားဒလလမ်းမ၊(ယုဇနပလာဇာ)အနီးနှင့် (ရိုးမဘဏ်ခွဲ)ရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

TOP ☎ 243363 705877

Ruby Car Rental
☎ 725317, 650823
Saloon မျိုးစုံ Van, Hilux, Publica ကားမျိုးစုံ

ကားရောင်းမည်

1. Toyota Townace ၀/---
2. Toyota Masterace(Sure) ၁/---

ဖုန်း–၂၄၉၀၂၉(ရုံးချိန်)
၀၉–၅၀၀၅၈၀၂

A.G.T.I(M.P)
Ph:510087

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ခင်သင်းရီ (May Maung)

(၇၄) နှစ်

CORPORATION, JAPAN)

HTOO MAW CO., LTD. မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့် (လှူပုံတော်ပတ္တမြားအဘယဆေးတိုက်ပိုင်ရှင်)

ကိုအောင်ထွဋ်ဦး–မခင်စောယုအောင်၏ ဖခင်ဖြစ်သူဦးအောင်မြင့် (၅၈)နှစ်သည် ၂၂–၈–၂၀၀၄တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Aung Brother' s Co.,Ltd.

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဇင်္ဂိလ

ဝေဠုဝန်နိကာယဂဏရက္ခိတ

ရန်ကုန်တိုင်း ဝေဠုဝန်နိကာယ

ဝိနယပရိယတ္တိ စာမေးပွဲဥက္ကဋ္ဌ

သိက္ခာတော် ၆၄ဝါ၊

သက်တော်(၈၄)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ကညင်ငူကျေးရွာ ဦးပု–ဒေါ်မယ်သန့်တို့၏သား၊ မော်လမြိုင်မြို့၊ ထားဝယ်တံတားလမ်း၊ ဦးစံခ (ဓာတ်ပုံ)–ဒေါ်ကြည်တင့်၊ (ဦးသန်းထွန်း)တို့၏ အစ်ကို၊ ဒေါ်တင်လေးဝေ (အလက–၅)၊ ဒေါ်တင်လေးရွှေ (အထက–၃)၊ ဦးကျော်တင့် – ဒေါ်အေးအေးသက်၊ ဒေါ်အေးအေးချို၊ ဒေါ်ခင်ဥမ္မာ(အိမ်တွင်းမှု)၊ မသင်းသင်းအေး၊ မောင်စိုးမိုး (ဓာတ်ပုံ)၊ မလင်းထိုက်ထိုက်စံတို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုး ဘဒ္ဒန္တ ဇင်္ဂိလ ဆရာတော်အရှင်မြတ်သည် ၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ရက် ၂၆–၈–၂၀၀၄နေ့ နံနက် ၁၁နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခု၊ ဝါခေါင်လပြည့်ကျော် ၂ရက် ၁–၉–၂၀၀၄နေ့ မွန်းလွဲ ၁နာရီအချိန်တွင် ဝေဠုဝန်ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင်ပူဇော်ကျင်းပမည်ဖြစ်ကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင် သံဃာတော်အရှင်မြတ်တို့နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

၁။မန်နေဂျာ(ဘွဲ့ရ)	(၆)ဦး
၂။စာရေး(ဘွဲ့ရ/ဆယ်တန်းအောင်)	(၆)ဦး
၃။ဝန်ထမ်း(အထွေထွေအလုပ်သမား)	(၆)ဦး
၄။ယာဉ်မောင်း(သက်တမ်း၂နှစ်)	ကျား(၆)ဦး
၅။လုံခြုံရေး	ကျား(၆)ဦး

လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ အကျင့်စာရိတ္တထောက်ခံစာ၊ သန်းခေါင်စာရင်းတို့နှင့်အတူ အမှတ်–၁၀၆၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ကားငှားလုံးငှားမည်

MT&K Tourism Co.,Ltd

အင်ကျင်နီယာကိုယ်တိုင်

TV-VCD-DVD-MONITOR

☎ 545937

အသိပေးကြေညာချက်

မန္တလေးတိုင်း၊ ညောင်ဦးမြို့၊ အမှတ်(၂)နယ်မြေ၊ ယွန်းတန်းရပ်၊ ဦးပိုင်အမှတ်(၆၂)၊ မြေကွက်အမှတ် (၆၈)၊ ဦးဘပိုင်းအမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံမှာ (၄–၅–၇၇)ရက်စွဲပါ ကတိ စာချုပ်အရ ကွယ်လွန်သူ ကိုမြင့်ကိုကိုမှပိုင်ဆိုင်ပြီး ကိုမြင့်ကိုကို(၂၀–၂–၂၀၀၃)ရက်စွဲပါ စာချုပ်အရ ကိုသိန်းဇော်မြင့်(မှတ်ပုံတင်အမှတ်၊၉/ညဥန(နိုင်)၀၀၄၈၃၄)သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ထိုအိမ်ခြံမြေနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် ထိုအိမ်မြေပေါ်သို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်အောင် ပြောဆိုခြင်း၊ နစ်နာဆုံးရှုံးအောင် ပြုလုပ်ပြောဆိုခြင်းများပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုသိန်းဇော်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးအေးချို (LL.B)၊ တရားရုံးချုပ်ရှေ့နေ(၇၃၄၅)
သိဃ်ရပ်၊ ပုဂံမြို့သစ်

တစ်နှစ်ပြည့်အလွမ်း

ဘုရားအမ၊ ရဟန်းအမ၊ ကျောင်းအမ ဒေါက်တာ ဒေါ်မာလာသန်း M.B.,B.S (တောင်ကြီး)အစ်ကိုနှင့် ချစ်တဲ့သားနှစ်ယောက်ကို နှုတ်မဆက်နိုင်ဘဲ ထာဝရခွဲခွာသွားတာ ၃၀–၈–၂၀၀၄နေ့ဆိုရင် (၁)နှစ်ပြည့်ပြီ၊ တစ်နေ့မှမေ့မရသလို တစ်နေရာမှာ ပေါ်လာနိုးနှင့်အမြဲမျှော်နေမိတယ်။ (၁)နှစ်ပြည့်တဲ့နေ့မှာ သံဃာတော် အရှင်မြတ်(၅)ပါးကို ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှဝေတယ်။

ဒေါက်တာဒေါ်မာလာသန်း မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဒေါက်တာဒေါ်မာလာသန်းရေ အမျှ–အမျှ–အမျှ။
ချစ်ခင်ပွန်း–ဗိုလ်ကြီးသိန်းနိုင် (အငြိမ်းစား)
သားကြီး–ဗိုလ်လင်းနိုင် (M.B.,B.S, DSMA)
သားငယ်–မောင်ခွန်ဇော်နိုင် (နောက်ဆုံးနှစ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၆၆)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၂၀၄

၁။ဒေါ်စိုးစိုးမြင့်	နှင့်	၁။နိုင်အောင်မြေကုမ္ပဏီလီမိတက်
၂။ဦးဘမြင့်		၂။နိုင်အောင်မြေ အထွေထွေ
၃။ဒေါ်ညိုညိုမြတ်		ဝန်ဆောင်မှုလုပ်ငန်း
၄။ဒေါ်မြင့်မြင့်		၁၀၆/မြေညီထပ်၊ (၃၉)လမ်း၊
၃၄၂၊ ပထပ်၊ကမ်းနားလမ်း၊		ကျောက်တံတားမြို့နယ်။
ဗိုလ်တထောင်မြို့နယ်။		
တရားနိုင်များ		**တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်–၁၅၇/၂၀၀၄အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၂၀၀၄ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်များမှာ တရားနိုင်များက တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ၁၀၀ိ/–လျှင် ၂၅ိ/– လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးရမည်။
၆။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၃ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းသိန်း
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်–၁၀၆ (မြေညီထပ်) ဟု ခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ (ယခုလက်ရှိတရားရှုံး ကုမ္ပဏီရုံးခန်းအဖြစ် ဖွင့်လှစ်ထားပါသည်။)
ကြမ်းခင်းဈေး ကျပ် (သိန်း၂၅၀)။

ဦးမောင်မောင်ကြည်

အသက်(၅၇)နှစ်

ဒုတိယညွှန်ကြားရေးမှူး B.E (E.P)
မြန်မာ့စက်ရုံနှင့်အဆောက်အအုံ
ဆောက်လုပ်ရေးလုပ်ငန်းစက်မှု(၂)

ရန်ကုန်မြို့နေ (ဦးဘကြိုင်–ဒေါ်မှတ်)တို့၏သားသမက်၊ ဦးထွန်းမြို့–(ဒေါ်မြင့်စိန်)တို့၏မောင်၊ ဦးစိုးမြင့်–ဒေါ်ခင်ရီ(အထကကျောက်တန်း)၊ဦးအေးပိုင်–ဒေါ်လှမြင့် (အလက(၂)ဒေါပုံ)၊ ဦးထွန်းအောင်ကျော်–ဒေါ်ခင်ဝင်း၊ ဦးဇော်ဝင်း–ဒေါ်အေးအေးကြူ တို့၏ အစ်ကိုကြီးသည် ၂၈–၈–၂၀၀၄ စနေနေ့ နံနက် ၉:၃၀နာရီတွင် သုဝဏ္ဏမြို့၊ တိုက်(၇၃)၊ အခန်း(၇)၊ ကမာလမ်း နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဆန္ဒအရ ၂၈–၈–၂၀၀၄ မွန်းလွဲ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၁ဒီ၊ မြေကွက်အမှတ်(၃၀/၃၁)၊ နှစ်(၉၀)ဂရန်မြေ၊ ဧရိယာ(၀ဒသမ၀၅၄)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၈/၁၀)၊ ၁၁၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ခေါ်တွင်သော ၅ခန်းတွဲ၊ နှစ်ထပ်တိုက် အဆောက်အအုံ၏ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးခံစားခွင့်များကို မြေဂရန်အမည်ပေါက် ပိုင်ရှင် ဦးဇေယျာမြင့်[၁၂/ဗတထ(နိုင်)၀၀၁၇၂၉]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ဤကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစိုးဝင်း(မအူပင်) B.A,H.G.P.R.L
တရားရုံးချုပ်ရှေ့နေ
အမှတ်(၅)၊ မြေညီထပ်၊ အခန်း(၇)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်။

လွမ်းဆွတ်သတိရခြင်း

တစ်နှစ်ပြည့်အလွမ်း

Dr.Marlar Than (Lily), (M.B.,B.S) (Taunggyi)

နွေ၊ မိုး၊ ဆောင်းရာသီတွေ ကုန်လွန်ပြီး ယနေ့ ၃၀–၈–၂၀၀၄မှာ တစ်နှစ်ပြည့်ခဲ့ပြီ။ တရားနှင့်ဖြေပါသော်လည်းမရ၊ တာဝန်ကျေသိတတ်တဲ့ ချစ်ညီမလေးအတွက် နေ့စဉ်ကောင်းမှုကုသိုလ်များ ပြုလုပ်နေပါတယ်။ အမြင့်မြတ်ဆုံးသော ဘုံဘဝရောက်၍ ပြုလုပ်နေသော ကုသိုလ်ဒါနများအား သိပါစေ၊ မြင်ပါစေ၊ ကြားပါစေ၊ သာဓုခေါ်နိုင်ပါစေ။ ချစ်ညီမလေး ဒေါက်တာမာလာသန်းရေ အမျှ–အမျှ–အမျှ။

မေမေ–ဒေါ်အေးမြင့်၊ ဒေါ်ခင်မြမြ (Pancy)၊ ဒေါ်တင်တင်မြင့် (Primrose)၊ ဒေါ်ခင်မျိုးမြင့် (Violet)၊ ဦးညွန့်လှိုင် (Richard) ဒေါ်ခင်မင်းသွဲ့ (Dawn)နှင့် တူ၊ တူမလေးများ။

ဘုရား၊ ကျောင်း၊ သိမ်၊ စိန်ဖူးတော်ဒါယကာ

ဦးမောင်မောင်ကြည်

အသက်(၅၇)နှစ်

ဒုတိယညွှန်ကြားရေးမှူး B.E (E.P)
မြန်မာ့စက်ရုံနှင့်အဆောက်အအုံ
ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှု(၂)

ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဦးခင်မောင်–ဒေါ်ကျင်ရီတို့၏ချစ်လှစွာသောသား၊ သမားတော်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ကြည်–ပါမောက္ခ ဒေါက်တာလင်းထွန်းထွန်းတို့၏ချစ်လှစွာသော မောင် ဦးဝင်းထိန် (ခေတ္တ–စင်ကာပူ)–ဒေါ်ခင်ဆွေရီ (ခေတ္တ–စင်ကာပူ)၊ ဦးမြဝင်း–ဒေါ်ကြူကြူတို့၏ချစ်လှစွာသော အစ်ကိုကြီးသည် ၂၈–၈–၂၀၀၄ စနေနေ့ နံနက် ၉:၃၀နာရီတွင် သုဝဏ္ဏမြို့၊ တိုက်(၇၃)၊ အခန်း(၇)၊ ကမာလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဆန္ဒအရ ၂၈–၈–၂၀၀၄နေ့ မွန်းလွဲ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

ဘိုကလေးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေထွန်းသည် ၂၃–၈–၂၀၀၄ ရက်က တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစု ညောင်တုန်းမြို့။**

ဝမ်းနည်းကြေကွဲခြင်း

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန)သည် ၂၃–၈–၂၀၀၄ ရက်က တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဧရာဝတီတိုင်း/တိုင်းတရားသူကြီးနှင့် တရားရေးမိသားစု။

ဒေါ်ကြွယ်စိုး

အသက်(၈၃)နှစ်

အလက(၂)၊ ကြည့်မြင်တိုင်(ငြိမ်း)

(ကျုံပျော်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၂၀)နေ (ဦးဖိုးဆိုင်–ဒေါ်မြိုင်)တို့၏ သမီးငယ်၊ ဒေါ်မြသန်း၏ညီမဖြစ်သူ ဒေါ်ကြွယ်စိုးသည် ၂၆–၈–၂၀၀၄ နံနက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြညွှန့်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၂၇–အေ/၂)နေ (ဦးကျော်ဟိုး–ဒေါ်လှ)တို့၏သမီး၊ (ဦးမြသိန်း)၏ဇနီး၊ ဦးမြင့်သန်း–ဒေါ်ခင်စန်းလင်း၊ ဒေါ်ခင်ခင်ဆွေ(မြန်မာ့အာမခံလုပ်ငန်း)၊ ဦးဉာဏ်လင်း–ဒေါ်ခင်စီ၊ ဒေါ်တင်တင်ဝင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်မြညွှန့်သည် ၂၇–၈–၂၀၀၄ သောကြာနေ့ ည ၇:၃၀တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၈–၈–၂၀၀၄ စနေနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

ဦးမြ

အသက်(၈၁)နှစ်

မန်နေဂျာ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း
သန်လျင်မြို့

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၄)ရပ်ကွက်၊ကျောက်ကုန်း၊မိုးကောင်းဘုရားလမ်း၊ အမှတ်(၂/၄၆)နေ(ဦးအလီ-ဒေါ်မိန်းကလေး)တို့၏သားထွေး၊ (ဒေါက်တာ ဦးရန်ရှင်း-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ (ဦးမောင်ကလေး-ဒေါ်သိန်းရွှေ)၊ ဦးထွန်းမောင်-ဒေါ်သန်းညွန့်၊ ဦးချာလီ-ဒေါ်ခင်လှ၊ ဦးလှစိန်-(ဒေါ်ခင်မြင့်)တို့၏ညီ/မောင်၊ ဦးကိုကို-ဒေါ်မြင့်မြင့်ဆွေ၊ဦးစိန်တင်ဝင်း-ဒေါက်တာဒေါ်ခင်နွဲ့ရီတို့၏အစ်ကို၊ ဒေါ်တင်တင်အုံး(အထပြ-ငြိမ်း၊အထက-၆၊ဗိုလ်တထောင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်သူဇာ)၊ ဒေါ်ခင်သီတာ-ဦးဝေဖြိုး၊ဒေါ်ခင်သန္တာ(ခေတ္တ-စင်ကာပူ)တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်မင်းပြည့်ဖြိုး၊မောင်အောင်သုတတို့၏ချစ်လှစွာသောအဘိုး ဦးမြသည် ၂၈-၈-၂၀၀၄ရက် ည ၁၀:၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄(တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေး၊ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမြ

အသက်(၈၁)နှစ်

(သန်လျင်)

အန်တီ ဒေါ်တင်တင်အုံး၏ ခင်ပွန်း၊ ချစ်သူငယ်ချင်း ဝေဖြိုး၊ ခင်သီတာ၊ ညီမလေး ခင်သန္တာတို့၏ ကျေးဇူးရှင် မွေးသဖခင် အန်ကယ် ဦးမြသည် ၂၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမိုးဇော်-ရတနာ၊ ကိုတိုး-နော်ဇာ၊ ကိုဗလ-မီးမီး၊ ကိုအောင်ခင်သိန်း-တူးတူး၊ ကိုသန့်-ချိုတူး၊ ကိုဝင်း-ဥမ္မာ၊ ကိုဝင်းသောင်း-မျိုးမျိုး၊ ကိုအောင်-ခင်စုလှိုင်၊ သားပေါက်-မမိုး၊ ကိုကျော်-ရီမောင်၊ ကိုမိုး။

ဒေါ်ညွန့်ညွန့်ခိုင်

အသက်(၆၇)နှစ်

(မအူပင်)

(ဦးစောခိုင်-ဒေါ်မြနွယ်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၅၀ရပ်ကွက်၊နေကြာ(၂)လမ်း၊အမှတ်(၃၅၂)နေ (ဦးဝင်းတင်၊ဘဏ်မန်နေဂျာ-ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးဝင်းထွဋ်(ယာယီတပ်ရင်းမှူး)၊ဒေါ်တင်သွယ်လတ်၊ ဗိုလ်ကြီးဝင်းဌေး၊ ဒေါ်ယမင်းဆွေ(စက်မှု-၁၊MPF)၊ ဦးဝင်းသန့်၊ ဒေါ်ထိပ်တင်ချောစု၊ ဦးကျော်စိုးမိုး၊ ဒေါ်မော်မော်ဝင်း၊ ဦးဝင်းဆန်း၊ အေးအေးဝင်း၊ ကိုဝင်းသွင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၈-၈-၂၀၀၄ရက်ည၈:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်

အသက်(၉၀)

သထုံ၊မကွေး

သထုံမြို့၊ အမှတ်(၁၀၇)၊ ရှမ်းစုအလယ်လမ်းနေ (ဦးစူဘင်)၏ ဇနီး၊ သထုံမြို့နေ ဦးတင်မြင့်-ဒေါ်အေးအေးမော်၊ ရန်ကုန်မြို့နေ ဦးစိုးလွင်-ဒေါ်အေးငယ်၊ သထုံမြို့နေ ဦးသိန်းညွန့်-ဒေါ်မိမိခိုင်၊ ရန်ကုန်မြို့နေ ဦးကျော်သန်း-ဒေါ်ရှုမိ၊ သထုံမြို့နေ ဦးကျော်ဆန်း-ဒေါ်ခင်မြ၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်လှလှမော်တို့၏မွေးသမိခင်၊မြေး၂၀ယောက်တို့၏ အဘွားသည် ၂၉-၈-၂၀၀၄(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် သထုံမြို့၊ဂေါ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ဆွေမြင့်(ခ)

မိုးမိုး(ခ) မလုံလေး

အသက် (၅၆)နှစ်

အငြိမ်းစားစာရင်းစစ်
ယခင် ဆိပ်ကမ်းကော်ပိုရေးရှင်း
ကူရှင်ကျောင်းသူဟောင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်(၂၄)နေ (ဦးကျော်ထွန်း-ဒေါ်ကြည်ကြည်)တို့၏ ဒုတိယမြောက်သမီး၊ ဦးအောင်ဆွေ၏ဇနီး၊ မဖြူသက်ဆွေ၊ မနှင်းလဲ့ဆွေတို့၏ မိခင်၊ ပါမောက္ခ ဒေါ်ခင်သန်းစိုး(ဇီဝဗေဒဌာန၊ ပညာရေးတက္ကသိုလ်)၏ ညီမ၊ ဒေါ်ခင်ချိုအေး၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ကြည်ကြည်လှိုင်ထွန်း၊ဦးထွန်းကြည်ဦး-ဒေါ်မေရီကျော်၊ ဦးမောင်အောင်၊ ဒေါ်မွေးသူဇာတို့၏ အစ်မသည် ၂၈-၈-၂၀၀၄ရက်တွင် နဝဒေးဆောင် ပညာရေးတက္ကသိုလ်၊ သထုံလမ်းရှိ အဆောင်မှူးနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၀၄(တနင်္လာနေ့)နံနက် ၁၀နာရီတွင် အင်းစိန်မြို့ရွာမနှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်

အသက်(၉၀)

သထုံ၊မကွေး

မကွေးမြို့၊ဝက်မစွပ်ရွာနေ (ဦးဖန်-ဒေါ်ဆိုင်းဟန်)တို့၏သမီး၊ ဘားအံမြို့၊ နောင်လုံရွာနေ (ဦးစိန်ကျင်-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ သထုံမြို့၊ အမှတ်(၁၀၇)၊ ရှမ်းစုအလယ်လမ်းနေ (ဦးစူဘင်)၏ဇနီး၊(ဦးဂွမ်ဟုတ်-ဒေါ်ကျင်ကျို)၊ (ဦးစိုးအောင်-ဒေါ်တင်လှ)၊ ဦးကြည်-(ဒေါ်စိန်ရီ)၊ဦးစိန်ဝင်းဦး-ဒေါ်ထားကြည်တို့၏ အစ်မသည် ၂၉-၈-၂၀၀၄(တနင်္ဂနွေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သထုံမြို့၊ ဂေါ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးဝင်းမောင်

အသက်(၆၁)နှစ်

ဆေးရုံအုပ်(ငြိမ်း)
မုံရွာပြည်သူ့ဆေးရုံကြီး

မုံရွာမြို့၊ ကူးတို့မြောက်ရပ်နေ (ဦးခင်မောင်)-ဒေါ်ရှိန်တို့၏သား၊ ဦးတင်လှ-ဒေါ်သိန်းညွန့်တို့၏ သားသမက်၊ ဦးဝင်းကြည်၊ဦးဝင်းဆွေ၊(ဦးဝင်းဌေး)၊ ဒေါ်ဝင်းမေ၊ဦးဝင်းနိုင်တို့၏ ညီ/အစ်ကို၊ ဒေါ်ခင်အေးကြွယ်၏ ခင်ပွန်း၊ မောင်အောင်ကိုကိုဝင်း(ဆေး/မကွေး)၊ မောင်အောင်ညီညီဝင်း(အထက ၂၊မုံရွာ)တို့၏ ဖခင်သည် ၂၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး

ဒေါ်မြသီ အသက် (၆၀)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၅၅၄)နေ (ဦးမြစံ-ဒေါ်လှတင်)တို့၏ သမီးထွေးသည် ၂၈-၈-၂၀၀၄(စနေနေ့) ည ၈:၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၀၄ (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်(နေအိမ်မှကားများနံနက် ၉:၃၀နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းတင်(မော်လမြိုင်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုလမ်း အမှတ်(၆၃)နေ (ဦးထွန်းဇံ-ဒေါ်ညိုနု)တို့၏သမီး၊ (ဦးမြတ်စိုး)-ဒေါ်စန်းယုံ၊ (ဝဏ္ဏကျော်ထင်ဦးဖိုးမျှင်-အငြိမ်းစားသစ်တောအရေးပိုင်-ဒေါ်တင်)တို့၏ ညီမ၊ (ဒေါ်မြကြည်)၏အစ်မ၊ ဦးစံလွင်(DSY)-ဒေါ်တင်နု(လ/ပြငြိမ်း)၊ ဦးငွေသိန်း-ဒေါ်မေနှင်းကြည်(သူနာပြု-ငြိမ်း)၊ ဒေါ်မြင့်မြင့်တင်(လ/ထ အထွေထွေမန်နေဂျာ - ဆောက်/လျှပ်ငြိမ်း)၊ ဒေါ်သောင်းသောင်းမျှင် (ထ/၃ ကြည့်မြင်တိုင်)-ဦးသောင်း(PD-MICS)-ဒေါ်သန်းသန်းစိုး(ဒုညွှန်မှူး-DHSHD)၊ ဦးဝင်းဟန်(ကကငွေ)၊ ဦးဝင်းသိန်း(ဒုညွှန်မှူး-ကကငွေ)-ဒေါ်ကြည်ကြည်စိုး(ထ/၂ ကြည့်မြင်တိုင်)၊ ဦးခင်မောင်လင်း(လ/ထညွှန်မှူး၊ထွေ/အုပ်)-ဒေါ်ခင်ခင်စော (လ/ ပြငြိမ်း)တို့၏ အဒေါ်သည် ၂၉-၈-၂၀၀၄ရက်နံနက် ၁၁:၅၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

ဦးသန်းမောင်(ဆင်ပေါင်ဝဲ)

အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းခြံလမ်း၊ အမှတ်(၁၇)နေ ဦးကျော်သီဟ-ဒေါ်ယဉ်ဝင်းတို့၏ ဖခင်၊ ရာသက်ပန်အသင်းဝင်၊ မတည်ငွေအလှူရှင် ဦးသန်းမောင် (ကျောင်းဆရာ၊ငြိမ်း)သည် ၂၈-၈-၂၀၀၄ရက်က ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါ။(နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီ ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး

ဦးရှန်ပို

အသက်(၇၉)နှစ်

(ဝါးခယ်မ)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ (ဦးထိုင်ရုံ-ဒေါ်ကြင်မေ)တို့၏ တတိယမြောက်သား၊ (ဒေါ်ကြူကြူ-ဦးကြည်ရှိန်)၊ဦးသိန်းထွန်းတို့၏ညီ/ မောင်၊ (ဒေါ်ခင်လေးကြူ)ဦးသန့်ဇင်-ဒေါက်တာ ဒေါ်နန်းလာဟန်၊(ဒေါက်တာဒေါ်အမာကြူ)တို့၏ အစ်ကို၊ရန်ကုန်မြို့၊အမှတ်-၁၉၇၊အနောက်ရွှေဂုံတိုင်(၅)လမ်း၊ ဗဟန်းမြို့နယ် နေ ဦးရဲနိုင်(M.E.P.E ငြိမ်း)-ဒေါ်စန်းစန်းမြင့်(စံပယ်ဖြူ စက္ကူစက်)၊ Mr.Albert Hwang၊ Ms. Linda Hwang ၊ ဒေါက်တာဒေါ်ပင်ဒိုရာအောင်ကြီး(အကြော/အဆစ်အထူးကုဌာန၊ Y.G.H)-ဦးရဲမြင့် (Myanmar Zinsu Co.,Ltd.)၊ ဒေါ်မေမေဇင်-ဦးစိုးမိုးခိုင်၊ ဒေါ်သန့်သန့်ဇင်-ဦး Richard Paul၊ ဒေါ်ထွေးထွေးဇင်တို့၏ ဦးလေး၊ မဇာဇာမြင့်၊ မသိမ့်ကလျာနိုင်(ခ) Tina Naing၊ မမွန်မွန်မြင့်(ခ) Monica Myint၊ မထက်ထက်နိုင်(TACCO Co.,Ltd)၊မစောစန္ဒီနိုင် (Final Part-1,I M-1)၊ မောင်မင်းစည်သူ (B.A., Eco)၊ မအိသိင်္ဂီနိုင် (3rd M.B,IM-1)၊ Johnathan Paul၊ Harrison Khaing၊ Asbley တို့၏ အဘိုးသည် ၂၈-၈-၂၀၀၄ ရက် နံနက် ၁၀:၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း (SSC)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၀၄ ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး

ဆရာကြီးဦးထွန်းရည်

အသက်(၇၂)နှစ်

လှည်းကူးမြို့၊ ရွာမရပ်
ဖောင်းလင်းသာသနာပြုအဖွဲ့၊နာယက

လှည်းကူးမြို့နေ ဦးဖိုးပြောင်-ဒေါ်စိုးသင်တို့၏သား၊ ဆရာကြီးဦးထွန်းကြည်-ဒေါ်တင်ဥ၊ ဦးမြအောင်-ဒေါ်ခင်ကြည် တို့၏ညီ၊ လှည်းကူးမြို့၊ ရွာမရပ်၊ အမှတ်မမ/၃၄၁နေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ ကိုစိုးနောင်(မထသ)-မနွဲ့နွဲ့ရီ (မြို့နယ်ဥပဒေရုံး၊လှည်းကူး)၊ ကိုကိုဇော်-မစိုးစိုးရီ၊ ကိုသိန်းလင်းထွန်း(ရိုက်သိမ်းချိန်လွန် လှည်းကူး)-မဝင်းဝင်းခိုင်တို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၄-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၈-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်အမကြီး

ဒေါက်တာဒေါ်ခင်သင်းရီ

(May Maung)

အသက်(၇၄)နှစ်

သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောမိရိပ်သာလမ်း၊ (၄၂-က)နေ (သခင်ဘမောင်-ဒေါ်စိန်)တို့၏ တစ်ဦးတည်းသောသမီး၊ ပါမောက္ခ ဒေါက်တာမြသောင်(ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊အတိုင်ပင်ခံ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးရုံကြီးများ)၏ ချစ်လှစွာသောဇနီး၊ (ဦးပါငယ်)၊ (ဦးစိုးတင့်)တို့၏ ညီမ၊ ဗိုလ်မှူးဇော်ဝင်းအောင်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ငြိမ်း၊ Director,Pole Star Survey Co.,Ltd)-ဒေါ်ဦးဦးမြ၊ ဒေါက်တာခင်မောင်ဖြူ(A&O Co.,Ltd)-ဒေါ်မွန်မွန်မြ၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်လှ-ဒေါ်အိအိမြ၊ ဦးစိုးမင်း-ဒေါက်တာခိုင်ရီမြ(ခေတ္တ- စင်ကာပူ)၊ ဦးအောင်ကျော်မြ (MD, Aurora Coporation,Japan)-ဒေါ်ချိုလှမြင့်၊ (ဦးဝင်းမြ)-ဒေါ်အေးအေးကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး၁၁ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၇-၈-၂၀၀၄(သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။၂-၉-၂၀၀၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်အမကြီး

ဒေါက်တာဒေါ်ခင်သင်းရီ

(May Maung)

အသက်(၇၄)နှစ်

သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောမိရိပ်သာလမ်း၊ (၄၂-က)နေ (သခင် ဘမောင်-ဒေါ်စိန်)တို့၏ တစ်ဦးတည်းသောသမီး၊ ပါမောက္ခ ဒေါက်တာမြသောင်(ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ အတိုင်ပင်ခံ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးရုံကြီးများ)၏ ချစ်လှစွာသောဇနီး၊ မောင်ချမ်းငြိမ်းဇော်၊ မနွယ်ဦးဇော်၊ မအေးမွန်ခင်၊ မောင်တက်ထွန်းကျော်၊ မောင်ကောင်းမွန်ခင်၊ မောင်ဆက်လူဝင်းမြ၊ မသင်းထက်အောင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်မင်းညီဝင်းမြ၊ မစုမြတ်အောင်၊ မောင်ဇွဲထက်အောင်တို့၏ ဘွားဘွားကြီးသည် ၂၇-၈-၂၀၀၄(သောကြာနေ့) နံနက်၁:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။၂-၉-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်အေး (အုတ်ဖို)

အသက် (၇၁)နှစ်

Managing Director
[စိုးစံ(လင်း)ကုမ္ပဏီလီမိတက်]

ပဲခူးတိုင်း၊အုတ်ဖိုမြို့နယ်နေ(ဦးလူဝ-ဒေါ်ကျင်မြ)တို့၏ ဒုတိယသား၊ (ဦးရုပ်ကား-ဒေါ်ကျင်နု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၈)နေ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ ကိုမြတ်ထွန်း-မမြင့်မြင့်ရီ (လှမျိုးကြွယ်အထည်ဆိုင်၊ မင်္ဂလာဈေး)၊ ကိုတင်ထွန်း-မဆွေသန္တာ (ကန်တော်ရိပ်ဟိုတယ်)၊ ကိုအောင်ထွန်း၊ မစိုးစိုးရီ[စိုးစံ-(လင်း)ကုမ္ပဏီလီမိတက်]၊ ကိုအေးသန်း(E/E,Ex, S'pore Shipping Co.,Ltd)-မဖြူစင်ထွန်း၊ မမြင့်မြင့်ဝင်း- ကိုမောင်မောင်ကြီး (ဝင်းထိန်ရွှေဆိုင်)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၈-၈-၂၀၀၄ရက်တွင်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၉:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ညွန့်

အသက်(၈၂)နှစ်

(ပျဉ်းမနား)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ဇင်ယော်လမ်း၊ အမှတ်(၆/၁)နေ ဒေါ်သန်းတင်၏ ညီမ၊ ပျဉ်းမနားမြို့၊ တောင်ညိုရွာနေ (ဦးစိန်လွင်)၏ဇနီး၊ ဦးသိန်းအောင် (နှင်းအောင်ခိုင်-ပျဉ်းမနား)၊ ဦးကျော်ဝင်း(ရောင်း/စက်ရုံး၊ပျဉ်းမနား)-ဒေါ်ညွန့်ရီ၊ ဦးသိန်းမြင့် (စိမ်း/စို ရမည်းသင်းသစ်တောခရိုင်၊ ပျဉ်းမနား)-ဒေါ်သန်းဆင့်၊ ဗိုလ်ကြီးစိုးသိန်း(တပ်မတော်-ရေ) - ဒေါ်မိသစ်ခိုင်(အထက-၂၊ ဒဂုံ)၊ ဦးမျိုးနိုင် (ASPIDIN Co., Ltd.၊ပျဉ်းမနား)-ဒေါ်ခင်သန်းတို့၏ မိခင် ဒေါ်တင်ညွန့်သည်၂၄-၈-၂၀၀၄ရက်တွင် ပျဉ်းမနားမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှမြင့်

အသက်(၆၄)နှစ်

(ဥက္ကံ)

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဒုတိယသီရိရိပ်သာ၊ အမှတ်(၁၅၂)နေ (ဦးဘိုးရွှေ-ဒေါ်အေးရင်)တို့၏ သမီး၊ (ဦးအောင်ခင်-ဒေါ်ခင်ပု)တို့၏ သမီးချွေးမ၊ (ဦးမျိုးသန့်၊ အငြိမ်းစား၊ ဒု-ညွှန်မှူး၊ မြန်မာ့ကျောက်မျက်)၏ ဇနီး၊ ဦးရဲနိုင်ဦး (Quick Computer)-ဒေါ်လှလှဝင်း၊ ဒေါ်ခင်စန္ဒာဝင်း (YIEC)တို့၏ ကျေးဇူးရှင်မိခင်၊ မဆုထက်နိုင် (I-A၊အထက-၃၊ ဗိုလ်တထောင်)၊ မောင်ဖြိုးပြည့်မောင်တို့၏ ချစ်လှစွာသောအဘွားသည် အာရှတော်ဝင်အထူးကုဆေးခန်း၌ ၂၅-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန် သူ၏ ဆန္ဒအရယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်အုံးကြူ(ခ)ဒေါ်ဝမ်

(အပူဇော်ခံအဘွား)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂)၊ မြေနီလမ်း(စာပေဗိမာန်တောင်ဘက်၊ ပြည်လမ်း)နေ ဦးဟန်ခင်၏ဇနီး၊ (ဒေါ်ညွန့်လွမ်)၏ညီမ၊ ဒေါ်တင်တင်၏ အစ်မ၊ ဦးမျိုးသွင်-ဒေါ်အေးအေးမူ၊ ဦးအေးသောင်း-ဒေါ်ကေသီဝင်း၊ ဦးစိန်ကျော် - ဒေါက်တာစုစုဟန်ခင်တို့၏မိခင်၊ မသိမ့်စုစိန်၏ အဘွားသည် ၂၈-၈-၂၀၀၄ရက်တွင် အာရှတော်ဝင်အထူးကုဆေး ခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ကိုအောင်မြင့်မိန်း(ကိုဘိုဖုး)

အသက်(၄၀)၊ (မိုးမိတ်)

မိုးမိတ်မြို့၊ တောင်ပိုင်းရပ်နေ (ဦးစဝ်မိန်း)-ဒေါ်ဒေါ်ဖီတို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၆၄)၊ အခန်း(F_2)၊ အဝေရာအိမ်ရာ၊ အဝေရာတရားရုံးလမ်း၊ တာမွေမြို့နယ်နေ ကိုစဝ်မြင့်မိန်း(ခ) ကိုတယ်ရီ (ပြင်သစ်ဇေ့လမ်းညွှန်)၊ (ဗိုလ်မှူးဘိုနေဝင်း)၊ ဒေါ်စဝ်စန်းမိန်း၊ မသန်းသန်းမိန်းတို့၏ အစ်ကို/ညီ၊ မောင်ရှင်းသန့်နေဝင်း(ခ)သဲသဲ၏ ချစ်လှစွာသောဘကြီး၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးအောင်နု)-ဒေါ်လှအေးနုတို့၏ သားသမက်၊ မရီရီမြ(ခ)မအိ(အေဝမ်းဝမ်းအလှပြင်ဆိုင်)၏ ခင်ပွန်းသည်၂၈-၈-၂၀၀၄ရက်၌ ရွှေဗဟိုအထူးကုဆေးခန်းတွင် ကွယ်လွန်ပါ၍ ၃၀-၈-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)၃-၉-၂၀၀၄(သောကြာနေ့)တွင် အဝေရာအိမ်ရာ၌ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဇဋိလ

သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

ဝေဠုဝန်နိကာယဂဏာရက္ခိတ
ရန်ကုန်တိုင်း၊ဝေဠုဝန်နိကာယ ဝိနယပရိယတ္တိစာမေးပွဲဥက္ကဋ္ဌ

ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဇဋိလဆရာတော်ကြီးသည် (၁၃၆၆ခုနှစ်၊ဝါခေါင်လဆန်း ၁၁ရက်)၊၂၆-၈-၂၀၀၄ရက်နံနက်၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက်)၊ ၁-၉-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ဝေဠုဝန်ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင်ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ၊ ဝေဠုဝန်ကျောင်းတိုက်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ကူန္တက

သာသနဓဇဓမ္မာစရိယ

သိက္ခာတော်(၄၀)၊ သက်တော်(၆၀)

ဓနုဖြူမြို့၊ (၁၀)ရပ်ကွက်၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကူန္တက(သာသနဓဇဓမ္မာစရိယ)သည် (၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်)၊ ၂၄-၈-၂၀၀၄(အင်္ဂါနေ့)နံနက်၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍(၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း၁၅ရက်)၊ ၃၀-၈-၂၀၀၄ (တနင်္လာနေ့)တွင်အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ။

စဝ်ရွက်မိုင်း

(Sao Yawt Mong Mengrai)

အသက်(၈၄)နှစ်

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နေ (စဝ်တွန်းကျောက်အင်ထလိုင်-စဝ်နန်းဝိုးတစ်နွဲ့)တို့၏သား၊ စဝ်ဝိုးနွန်း၏ ချစ်လှစွာသောမောင်၊ ရန်ကုန်မြို့၊ အမှတ်(၁၂၁ A) သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်နန်းခမ်းလှိုင်း၏ ချစ်လှစွာသောခင်ပွန်း၊ Sao Srirut Mengrai-Nenny၊ Sao Kemawong Mengrai၊ရန်ကုန်မြို့နေ Sao Dait Mengrai၊ Nang Hom၊ Sao Wanwai Mengraiတို့၏ ချစ်လှစွာသောဖခင်၊ Ki Ti Mar Nang Arm Phorn၊ Pia Mengrai၊ Sao Surat Mengrai Nang Thiri Mengraiတို့၏ချစ်လှစွာသောအဘိုးသည် ၂၈-၈-၂၀၀၄ ရက် နံနက် ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄ရက် ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းဒါယိကာမကြီး

ဒေါ်သိန်းတန်

အသက် (၇၂)နှစ်

(ဆင်ဖြူကျွန်း)

မကွေးတိုင်း၊ ဆင်ဖြူကျွန်းမြို့နေ (ဦးထွန်း)၏ ဇနီး၊ ဦးဉာဏ်ထွန်း(ဘဏ်မန်နေဂျာ-ငြိမ်း)- ဒေါ်ခင်ဌေးဦး၊ ဦးမျိုးညွန့်(ဦးစီးမှူး၊ ဆည်မြောင်း)-ဒေါ်အေးအေးမွန်၊ ဒေါ်ခင်ဝင်းမြင့်၊ ကိုကျော်ကျော်-မခင်မမ၊ ကိုမောင်မောင်စန်း(ခ)ကိုပေါ်-မတိုးတိုးဦးတို့၏မွေးသမိခင်သည် ၂၉-၈-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့်၃၀-၈-၂၀၀၄(တနင်္လာနေ့) ညနေ၃နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အုံးကြူ(ခ)ဒေါ်ဝမ်

အသက်(၇၇)နှစ်

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နေ (ဦးပါဝံ-ဒေါ်ကျင်မွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်၂၊ မြေနီလမ်း(စာပေဗိမာန်တောင်ဘက်၊ ပြည်လမ်း)နေ ဦးဟန်ခင်၏ ဇနီး၊ (ဒေါ်ညွန့်လွမ်)၏ညီမ၊ ဒေါ်တင်တင်၏ အစ်မ၊ ဦးမျိုးသွင်-ဒေါ်အေးအေးမူ၊ ဦးအေးသောင်း-ဒေါ်ကေသီဝင်း၊ ဦးစိန်ကျော်-ဒေါက်တာစုစုဟန်ခင် တို့၏မိခင်၊ မသိမ့်စုစိန်၏ အဘွားသည် ၂၈-၈-၂၀၀၄ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၀-၈-၂၀၀၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးအရိုးအိုးကို ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမိုးကို (၃၉)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန
မြိုင်မြို့

ပခုက္ကူမြို့၊ (၂)ရပ်ကွက်၊ ပြည်တော်သာလမ်းနေ (ဦးကျော်မြင့်)-ဒေါ်စန်းစန်းတို့၏ သား၊ (ဦးကိုကိုကြီး)-ဒေါ်ကြည်အေးတို့၏ သားသမက်၊ ဒေါ်ခင်မို့မို့(သင်္ချာဌာန၊ပခုက္ကူတက္ကသိုလ်)၊ ဦးဌေးဝင်း၊ ဒေါ်ခင်တိုးတိုး(မြို့နယ် စာရင်းရုံး၊သာယာဝတီ)၊ ဦးသာဝ (အထက(၃) ပခုက္ကူ)-ဒေါ်ခိုင်ခိုင်မြင့် (အထက မြစ်ခြေ)၊ ဒေါ်လှိုင်လှိုင်မြင့်(စာရင်းစစ်ချုပ်ရုံး၊ရန်ကုန်)၊ (ဦးမင်းကို)တို့၏ ညီ/မောင်၊ ဒေါ်စိုးမိုး၏ ခင်ပွန်း၊ မောင်ကျော်ခန့်၊ မချစ်စုရည်၊ မကြည်စင်သန့် တို့၏ ချစ်လှစွာသောဖခင်သည် ၂၇-၈-၂၀၀၄ (သောကြာနေ့)တွင် ပခုက္ကူမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ (စနေနေ့)တွင် ပခုက္ကူမြို့၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးလှမြင့်

အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊အမှတ်(၄၀/ခ)နေ ဦးကျော်လှိုင်-ဒေါ်အမာရွှေတို့၏သား၊ ဒေါ်မြင့်စိန်၏ ခင်ပွန်း၊ ဦးစိန်မောင်-ဒေါ်ခင်သန်းအေး၊ (ဦးမောင်ယဉ်)-ဒေါ်မြတင်၊ ဒေါ်ခင်ပြုံးဆိုင်၊ (ဦးသန်းဌေး-ဒေါ်ပြုံးပြုံးကြည်)၊ ဦးကျော်တင့်-ဒေါ်လှကြည်၊ ဦးထင်အောင်၊ ဦးတင်ဦး-ဒေါ်မြူမြူလှိုင်၊ ဦးအောင်ထွန်း-ဒေါ်မြဝင်းတို့၏ အစ်ကို၊ ဦးဟန်စိုး-ဒေါ်အေးအေးလှိုင်၊ ဦးညွန့်ဝေ(ဒု-တကာ၊ တပ်မတော်-ရေ)၊ ဦးသန်းဝင်းလှိုင် (MPPE)-ဒေါ်ခင်ဖြူဖြူဝင်း၊ မောင်မင်းမင်းနိုင်(MPPE)၊ မမေသင်းဖြူတို့၏ဘကြီး၊ တူ၊တူမ ခုနစ်ယောက်၊ မြေးငါး ယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၀၄(စနေနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃၀-၈-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန် ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုစိုးဝင်း

အသက်(၄၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံ ရပ်ကွက်၊အမှတ်(၁၈၁)၊ ပတ္တမြားလမ်းနေ ဦးဘရွှေ-ဒေါ်အေးစိန်တို့၏ သား ကိုစိုးဝင်းသည် ၅-၈-၂၀၀၄ရက် နံနက် ၆:၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၄၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ် ၂၄၂၈၃၀။ R/184

တောင်ဥက္ကလာပနှင့် ဒဂုံမြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)နှင့်စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင် လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ပဲ၊ ဆေးနှင့်ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှိ စေတီတော်ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိ စာသင်တိုက်ကြီး၏ နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တ ဓမ္မဒိန္န အမှူးပြုသော တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိ စာသင်တိုက်နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တ ဓမ္မဒိန္နထံမှ နိုင်ငံတော် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် လျှပ်စစ်မီးချွေတာသုံးစွဲမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရန်ကုန်မြို့တော်ရှိ ဌာနဆိုင်ရာ ရုံးများ လျှပ်စစ်ချွေတာသုံးစွဲမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၈ ရက် ည ၈နာရီတွင် ရန်ကုန်တိုင်း အလုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ အလုံဓာတ်အားပေးစက်ရုံ၊ မြို့တော်ခန်းမ၊မဟာဗန္ဓုလပန်းခြံ၊ ဝန်ကြီးများရုံး၊ ရန်ကုန်စာတိုက်ကြီး၊ မြန်မာ့လေကြောင်း၊ အကောက်ခွန်ဦးစီးဌာန၊ ခြောက်ထပ်ရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် ဗိုလ်ချုပ်ဈေးတို့သို့ လှည့်လည်သွားရောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ချွေတာသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရုံးများမှ တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲ ခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

အစားထိုးလောင်စာ ပူးတွဲတီထွင်ရေး ဖိလစ်ပိုင်နှင့်ထိုင်း ဆွေးနွေးမည်

မနီလာ ဩဂုတ် ၂၉

မိမိသည် လာမည့်ရက်သတ္တပတ်တွင် တရုတ်ပြည်မြို့တော် ဘေဂျင်း၌ နိုင်ငံတကာ အစည်းအဝေးတစ်ရပ် ကျင်းပစဉ်ကာလအတွင်း အစားထိုးလောင်စာတစ်မျိုးကို ပူးတွဲတီထွင် ထုတ်လုပ်ရေးကိစ္စနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝါထရာနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုက စနေနေ့တွင် ပြောကြားသည်။

မြို့တော်ဘေဂျင်းတွင် စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည့် အာရှနိုင်ငံရေးပါတီများ၏ နိုင်ငံတကာအစည်းအဝေးသို့ သမ္မတ အာရိုယိုရော ဝန်ကြီးချုပ်သက်ဆင်ပါ တက်ရောက်မည်ဖြစ်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ☆